# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# (၅၂) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၂) ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၆ | (က) UNESCO မှ သရေခေတ္တရာ ပြည်မြို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်နိုင်ရန် အသုံးပြုခွင့် ရပ်ဆိုင်းခဲ့ရသော ပြည်လေယာဉ်ကွင်းနေရာအား ရှေးဟောင်းဇုန်နှင့် ဆက်စပ်သော လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာန အနေဖြင့် စွန့်လွှတ်ပေးရန်နှင့် လေယာဉ်ကွင်း အသစ်တစ်ခု တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၇ | (ခ) စဉ့်ကိုင်မြို့နယ်၊ အားကစားနှင့် ကာယပညာဦးစီးဌာနပိုင်မြို့နယ် အားကစားကွင်းမျက်နှာစာရှိ ဆိုင်ခန်းများကို ခေတ်ကာလနှင့်အညီ ဆိုင်ခန်းငှားခများရရှိစေရေးနှင့် အားကစားကွင်းနှင့် မလျော်ကန်သည့် အရက်၊ ဘီယာဆိုင်များဖွင့်လှစ်ရောင်းချနေမှုကို မည်ကဲ့သို့စီစဉ် ဆောင်ရွက် ပေးမည်ကိုသိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၉ |
| ၈ | (ဂ) ရပ်စောက်မြို့နယ်၊ ခုတင်(၅၀) ဆံ့ ပြည်သူ့ဆေးရုံကို ဆေးရုံအင်္ဂါရပ်များနှင့်အညီ အထူးကု ဆရာဝန်ကြီးများနှင့် လိုအပ်သော ဝန်ထမ်းများ ပြည့်မီအောင်ခန့်ထားပေးရန်နှင့်ထရန်စဖော်မာအသစ် တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၃ |
| ၉ | (ဃ) တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးတက္ကသိုလ်ပါမောက္ခချုပ်ရာထူး တာဝန်များနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနအောက်ရှိ လစ်လပ်လျက်ရှိသော ရာထူးနေရာ အဆင့်ဆင့်တွင် တိုင်းရင်းဆေးပညာရှင်များအား ဖြည့်ဆည်းခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၇ |

၁၀ ရမ်းဗြဲမြို့နယ်၊ လေးတောင်တိုက်နယ်ဆေးရုံမှ ဆရာဝန်နှင့် ကျန်းမာရေး ဝန်ထမ်းများ အဆင်ပြေစွာ နေထိုင်နိုင်ရန် နေအိမ်အဆောက်အဦများ ဆောက်လုပ်ပေးရန်နှင့် လေးတောင်တိုက်နယ်ဆေးရုံအား ပိုမိုကောင်းမွန်သော အုတ်တံတိုင်းကာရံပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း ၂၅

၁၁ ဒေါက်တာမောင်သင်း၊ မိတ္ထီလာမဲဆန္ဒနယ်က တင်သွင်းသည့် တိုင်းရင်းသား လူမျိုးတစ်မျိုးချင်းစီ၏ စံပြုကိုးကားနိုင်သည့် ဒီအင်အေမျိုးရိုးဗီဇ ဖွဲ့စည်းမှုမှတ်တမ်း ဆောင်ရွက်ထားရှိရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း ၂၇

၁၂ ဒေါက်တာမောင်သင်း၊ မိတ္ထီလာမဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း ၄၂

၁၃ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၂) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၅၃) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၄၈

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး

## (၅၂)ရက်မြောက်နေ့ အစီအစဉ်

## [ ၂၉-၈-၂၀၁၇ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၅၂)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည် မဲဆန္ဒနယ်၏ **UNESCO မှ သရေခေတ္တရာ ပြည်မြို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်နိုင်ရန် အသုံးပြုခွင့်ရပ်ဆိုင်းခဲ့ရသော ပြည်လေယာဉ်ကွင်းနေရာအား ရှေးဟောင်းဇုန် နှင့် ဆက်စပ်သောလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနအနေဖြင့် စွန့်လွှတ်ပေးရန်နှင့် လေယာဉ်ကွင်းအသစ်တစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါက်တာဒေါ်ကြည်မို့မို့လွင်၊ စဉ့်ကိုင် မဲဆန္ဒနယ်၏ **စဉ့်ကိုင်မြို့နယ်၊ အားကစားနှင့်ကာယပညာဦးစီးဌာနပိုင် မြို့နယ်အားကစားကွင်း မျက်နှာစာရှိ ဆိုင်ခန်းများကို ခေတ်ကာလနှင့်အညီ ဆိုင်ခန်း ငှားရမ်းခများ ရရှိစေရေးနှင့် အားကစားကွင်းနှင့် မလျော်ကန်သည့် အရက်၊ ဘီယာဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုကို မည်သို့ စီမံ ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးခင်မောင်မြင့်၊ ရပ်စောက် မဲဆန္ဒနယ်၏ **ရပ်စောက်မြို့နယ်၊ ခုတင် (၅၀)ဆံ့ ပြည်သူ့ဆေးရုံကို ဆေးရုံအင်္ဂါရပ်များနှင့်အညီ အထူးကု ဆရာဝန်ကြီးများနှင့် လိုအပ်သော ဝန်ထမ်းများ ပြည့်မီအောင် ခန့်ထားပေးရန်နှင့် ထရန်စဖော်မာအသစ် တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးရန်** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ **တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးတက္ကသိုလ်ပါမောက္ခချုပ် ရာထူးတာဝန်များနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနအောက်ရှိ လစ်လပ်လျက်ရှိသော ရာထူးနေရာအဆင့်ဆင့်တွင် တိုင်းရင်းဆေး ပညာရှင်များအား ဖြည့်ဆည်းခန့်ထားပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးကျော်ရွှေ၊ ရမ်းဗြဲ မဲဆန္ဒနယ်၏ **ရမ်းဗြဲမြို့နယ်၊ လေးတောင် တိုက်နယ်ဆေးရုံမှ ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများ အဆင်ပြေစွာ နေထိုင်နိုင်ရန် နေအိမ်အဆောက်အဦများ ဆောက်လုပ်ပေးရန်နှင့် လေးတောင်တိုက်နယ်ဆေးရုံအား ပိုမိုကောင်းမွန်သော အုတ်တံတိုင်း ကာရံပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါက်တာဦးမောင်သင်း၊ မိတ္ထီလာ မဲဆန္ဒနယ်က တင်သွင်းသည့် **"တိုင်းရင်းသားလူမျိုးတစ်မျိုးချင်းစီ၏ 'စံပြုကိုးကားနိုင်သည့် ဒီအင်အေမျိုးရိုးဗီဇ ဖွဲ့စည်းမှုမှတ်တမ်း' ဆောင်ရွက်ထားရှိရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးစောထွန်းမြအောင်၊ ဖာပွန် မဲဆန္ဒနယ်၊

(ခ) ဦးမောင်မြင့်၊ မင်းကင်း မဲဆန္ဒနယ်၊

(ဂ) ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်၊

(ဃ) ဒေါက်တာဦးအောင်ခင်၊ ပြင်ဦးလွင် မဲဆန္ဒနယ်၊

(င) ဗိုလ်မှူးဝင်းမင်းထွန်း၊ တပ်မတော်သားကိုယ်စားလှယ်၊

(စ) ဗိုလ်မှူးထင်လင်းဦး၊ တပ်မတော်သားကိုယ်စားလှယ်၊

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၅၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၅၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး
## (၅၂)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်
## (၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၅၂)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၅၂)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၂)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၅ ဦးရှိတဲ့အနက် ၃၈၂ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၇.၈၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးသောင်းဌွေးလင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ သြဂုတ်လ ၂၉ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၂)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင် ကျွန်တော် ဦးသောင်းဌွေးလင်း၊ ပုသိမ်ကြီးမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွား မှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၈၂ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၄ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ များကတော့-

(၁) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၁ ရက်၊

(၂) ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးသန်းစိုးအောင် ခွင့် ၁ ရက်၊

(၃) ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးဇော်ဝင်း ခွင့် ၁ ရက်၊

(၄) ဟသ်ာတမဲဆန္ဒနယ်မှ ဦးခင်မောင်ရီ ခွင့် ၁ ရက်၊

(၅) လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း ခွင့် ၁ ရက်၊

(၆) ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း ခွင့် ၁ ရက်၊

(၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်သန်းထွတ်သိန်း ခွင့် ၁ ရက်၊

(၈) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၁ ရက်၊

(၉) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးအောင်သောင်းရွှေ ခွင့် ၁ ရက်၊

(၁၀) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊

(၁၁) ထန်းတပင်မဲဆန္ဒနယ်မှ ဦးနေမျိုးထွန်း ခွင့် ၁ ရက်၊

(၁၂) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၂ ရက်၊

(၁၃) ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ခွင့် ၁ ရက်နှင့်

(၁၄) ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၃၉ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၁၄ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၅၃ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၉ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၄ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၅၃ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

## ကြယ်ပွင့်ထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**UNESCO မှ သရေခေတ္တရာ ပြည်မြို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်နိုင်ရန် အသုံးပြုခွင့်ရပ်ဆိုင်းခဲ့ရသော ပြည်လေယာဉ်ကွင်းနေရာအား ရှေးဟောင်းဇုန်နှင့် ဆက်စပ်သော လုပ်ငန်းများလုပ်ကိုင်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် စွန့်လွှတ်ပေးရန်နှင့် လေယာဉ်ကွင်း အသစ်တစ်ခု တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်စိုးစိုးကြည်(ပြည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည် ဖြစ်ပါတယ်။ ကျွန်မဒီနေ့ ပြည်လေယာဉ်ကွင်းနဲ့ပတ်သက်ပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ ကာတာနိုင်ငံ ဒိုဟာမြို့မှာ ကျင်းပတဲ့ (၃၈)ကြိမ်မြောက် World Heritage Convention မှာ သရေခေတ္တရာ၊ ဗိဿနိုးနှင့် ဟန်လင်း၊ ပျူသုံးမြို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဒေသအဖြစ် ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့မှာ အသိအမှတ်ပြုခဲ့ပါတယ်။ ဒီလို အသိအမှတ်ပြုနိုင်ဖို့အတွက် ရှေးဟောင်းဇုန်အတွင်းမှာ တည်ရှိကျရောက်နေတဲ့ လေယာဉ်ကွင်းကို အသုံးပြုမှုရပ်ဆိုင်းပေးခဲ့ရပါတယ်။ ဘာကြောင့်လဲဆိုရင် လေယာဉ်အဆင်း/အတက်မှာ ဖြစ်ပေါ်လာတဲ့ တုန်ခါမှုတွေဟာ ကျွန်မတို့ရှေးဟောင်းအဆောက်အအုံတွေ၊ ရှေးဟောင်းဘုရားစေတီပုထိုးတွေကို ထိခိုက်နိုင်တဲ့အတွက်ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ပြည်လေယာဉ်ကွင်းဟောင်းနေရာဟာ ၁၉၅၆ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့ပြီးတော့ ၁၉၆၈-၁၉၆၉ ခုနှစ် ပြင်ဆင်ပြီးတဲ့အချိန်မှာ လေယာဉ်ပြေးလမ်းအရှည် ၄၅၀၀ ပေနှင့် အကျယ် ၁၅၀ ပေ ရှိပါတယ်။ F-27 အမျိုးအစား ဖော်ကာလေယာဉ်တွေ ဆင်းခဲ့တာ ဖြစ်ပါတယ်။ ဒါပေမဲ့ အခုအချိန်မှာ သူရဲ့ရေိယာအကျယ်အဝန်းက ၁၂၈ ဧကရှိတဲ့အတွက် တကယ်ပဲ ကျယ်ဝန်းတဲ့နေရာလည်းဖြစ်ပြီးတော့ နေရာကောင်းလည်းဖြစ်ပါတယ်။ အခုအခါမှာတော့ လေယာဉ်

ကွင်းအဖြစ် အသုံးမပြုတော့ဘူး ဖြစ်ပါတယ်။ ဒီလိုအသုံးမပြုတဲ့အခြေအနေမှာ ကျွန်မတို့က ရှေးဟောင်းနှင့်ပတ်သက်တဲ့ အသုံးပြုစရာနေရာအဖြစ် သက်ဆိုင်ရာဝန်ကြီးဌာနက စွန့်လွှတ်ပေးနိုင်မလားဆိုတာကို မေးမြန်းချင်တာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီနေရာဟာ ရှေးဟောင်းဇုန်ထဲကို ဝင်ရောက်ဖို့ ဒီနေရာမှာ ကျွန်မတို့က Reception အနေနဲ့ ဧည့်ကြိုဌာနအနေနဲ့ ဆောင်ရွက်လို့ရပါတယ်။ ဝင်ရောက်လာတဲ့ခရီးသည်တွေအတွက် ဘက်ကီလေးတွေနဲ့ ရှေးဟောင်းထဲမှာ သွားလာနိုင်ဖို့အတွက်ကို ကားသေးဂိတ်ကလေးလို လုပ်လို့ရပါတယ်။ နောက်ပြီးတော့ ရှေးဟောင်းပစ္စည်းတွေပေါ့။ ကျွန်မတို့ရဲ့ဒေသထွက် အစားအသောက်တွေ၊ ဒေသထွက်အမှတ်တရလက်ဆောင်ပစ္စည်းဆိုင်ကလေးတွေ ဖွင့်လှစ်ထားလို့ ရပါတယ်။ လူငယ်တွေ ဒီနေရာမှာ လာရောက်ပြီးတော့မှ လေ့လာနိုင်တဲ့နေရာတွေ ကျွန်မတို့ ဆောင်ရွက်ပေးလို့ရပါတယ်။ ဒီလိုအဆောက်အအုံတွေ ဆောင်ရွက်တဲ့နေရာမှာဆိုရင်တော့ ကျွန်မတို့က ရှေးဟောင်းနဲ့ UNESCO ကပေါ့နော်။ ရှေးဟောင်းဒေသထိန်းသိမ်းရေးဌာနနဲ့ UNESCO က သတ်မှတ်ထားတဲ့ သူတိုရဲ့စည်းကမ်းချက်တွေကို လိုက်နာကြရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ (၁)အချက်အနေနဲ့ မေးမြန်းလိုတာက လေယာဉ်ကွင်းဟောင်းနေရာကို သက်ဆိုင်ရာဌာနက စွန့်လွှတ်ပေးနိုင်မလားဆိုတာကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုပါတယ်။ ဒုတိယအနေနဲ့ကတော့ သရေခေတ္တရာ ပြည်မြို့ဟာ World Heritage စာရင်းဝင်ပြီးတဲ့နောက်ပိုင်းမှာ ပြည်တွင်းရော၊ ပြည်ပပါ ခရီးသွားပြည်သူတွေဟာ တကယ်ပဲ စိတ်ဝင်စားခဲ့ကြပါတယ်။ ဒါကတော့ ပြည်မြို့မှာရှိတဲ့ တခြားသောဘုရားစေတီပုထိုးတွေ၊ ရှေဟောင်းနေရာတွေ၊ ဧရာဝတီမြစ်နဲ့ ပြည်တောင်တန်းရဲ့လှပတဲ့ရှုခင်းတွေ။ ပြည်မြို့ကိုဝင်မယ်ဆိုရင် ပြည်မြို့နဲ့ ကိုးမိုင်လောက်ပဲဝေးတဲ့ ရွှေတောင်မှာရှိတဲ့ ရွှေမျက်မှန်ဘုရားတို့၊ ရွှေနတ်တောင်ဘုရားတို့၊ ဒီတန်ခိုးကြီးဘုရားတွေ။ ပန်းတောင်းဘက်မှာရှိတဲ့ အကောက်တောင်။ ပြီးတဲ့အခါ ရွှေဘုံသာမုနိ စတဲ့ ဘုရားစေတီပုထိုးတွေကိုလည်း ပြည်တွင်းဧည့်သည်ရော၊ ပြည်ပဧည့်သည်တွေပါ စိတ်ဝင်စားပါတယ်။

ဒ့ါအပြင် ယခုနှစ်မှာမှ ဖွင့်လှစ်လိုက်တဲ့၊ ကျွန်မတို့နဲ့ ၂၄ မိုင်ပဲ ကွာတဲ့ ပေါက်ခေါင်းမှာရှိတဲ့ ပေါက်ခေါင်းမြို့နယ်မှာရှိတဲ့ Eco Tourism ဟာလည်း တကယ်အများပြည်သူစိတ်ဝင်စားတဲ့အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းတဲ့နေရာတစ်ခုလည်းဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ပြည်ခရိုင်ဟာ ပြည်သူတွေရဲ့လူမှုဘဝတိုးတက်ဖို့အတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိဖို့အတွက် Tourism ကို ဒီထက်ပိုပြီးတော့ တိုးမြှင့်လုပ်ကိုင်နိုင်မယ်ဆိုရင် ကျွန်မတို့ ရှေးဟောင်းဒေသအတွင်းမှာ ကျရောက်နေတဲ့၊ ပါဝင်နေတဲ့ ကျေးရွာ ၁၈ ရွာမှာရှိတဲ့ ပြည်သူလူထုတွေရဲ့အလုပ်အကိုင်အခွင့်အလမ်း

နဲ့ အကျိုးစီးပွားဟာလည်း ယခုထက်ပိုပြီးတော့ တိုးတက်လာမှာဖြစ်ပါတယ်။ ဒီအခါမှာ Tourism ကို ပိုပြီးတိုးမြှင့်နိုင်မယ်ဆိုလို့ရှိရင် သဘော်လမ်း၊ မီးရထားလမ်း၊ ကားလမ်းတွေတော့ တကယ်ရှိတာမှန်ပါ တယ်။ ဒါပေမဲ့ ကျွန်မတို့က ဘာကိုချိုချင်တာလဲဆိုလို့ရှိရင် ဒီကိုသွားတဲ့ Travel Time ပေါ့နော်။ ဘယ်ဟာနဲ့ပဲလာလာ။ ခြောက်နာရီ၊ ခုနစ်နာရီလောက် ကြာမယ့်ခရီးကို လေယာဉ်နဲ့သာလာမယ်ဆိုရင် ကျွန်မတို့က မိနစ် ၃၀ လောက်နဲ့ ရောက်မယ့်နေရာဖြစ်ပါတယ်။ ဒီ Travel Time ဆိုတာ ခရီး သွားတဲ့အချိန်အတိုင်းအတာသာ ကျုံ့သွားနိုင်မယ်ဆိုရင် ခရီးသွားတွေဟာ ဒီထက်ပိုများပြားလာမယ် လို့ ကျွန်မတို့တွက်ဆပါတယ်။ ဒါကြောင့်မို့လို့ လေယာဉ်ကွင်းအသစ်ထပ်ပြီး ဖွင့်ပေးနိုင်ခြင်းရှိ/မရှိကို လည်း ထပ်မံပြီးတော့ မေးမြန်းလိုတာဖြစ်ပါတယ်။ လေယာဉ်ကွင်းအသစ်အတွက် မြေနေရာကိုလည်း ကျွန်မတို့လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ၊ ရှေးဟောင်း Trust အဖွဲ့တွေ နေရာနှစ်ခုလောက်ကို ကြည့်ထားပြီးလည်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးကနေ တစ်ဆင့် ကျွန်မ ဒီမေးခွန်းနှစ်ခုကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၏ UNESCO မှ သရေခေတ္တရာ ပြည်မြို့ကို ကမ္ဘာ့အမွေ အနှစ်စာရင်းဝင်အဖြစ် သတ်မှတ်နိုင်ရန် အသုံးပြုခွင့်ရပ်ဆိုင်းခဲ့ရသော ပြည်လေယာဉ်ကွင်းနေရာအား ရှေးဟောင်းဇုန်နှင့် ဆက်စပ်သောလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနမှ စွန့်လွှတ် နိုင်ခြင်းရှိ/မရှိနှင့် လေယာဉ်ကွင်းအသစ်တစ်ခုတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်း သည့်မေးခွန်းအပေါ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုးက ပြန်လည်ဖြေကြားမှာ ဖြစ်ပါ တယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားသလို မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် မြို့ပြလေကြောင်းဌာနမှ ပြည်လေယာဉ်ကွင်းမှ လေယာဉ်ငယ်

များဆင်းသက်အသုံးပြုနိုင်ရန်အတွက် အလျား ၃၆၀၀ ပေ၊ အကျယ် ၁၅၀ ပေ ကျောက်ကတ္တရာ လေယာဉ်ပြေးလမ်းကို ၁၉၅၆ ခုနှစ်မှာ တည်ဆောက်ခဲ့ပြီး ၁၉၆၈ ခုနှစ်နှင့် ၁၉၆၉ ခုနှစ်များမှာ လေယာဉ်ပြေးလမ်းကို စုစုပေါင်းအလျား ၄၅၀၀ ပေအထိ တိုးချဲ့တည်ဆောက်ခဲ့တဲ့အတွက် ဖော်ကာ F-27 လေယာဉ်များ အခါအားလျော်စွာ ဆင်းသက်အသုံးပြုခဲ့ပါတယ်။ ပြည်လေယာဉ်ကွင်းမှာ ခရီးသည်တင်လေယာဉ်များ ပုံမှန်ဆင်း/တက်ခြင်းမရှိခဲ့သော်လည်း ယခင်က စင်းလုံးငှားလေယာဉ် ခရီးစဉ်နှင့် အရေးကြီးပုဂ္ဂိုလ်ခရီးစဉ်များကို Fokker-27 အမျိုးအစားလေယာဉ်ဖြင့် ၁၉၈၈ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ စုစုပေါင်း(၅၅)ကြိမ် ဆင်းသက်ခဲ့ပြီး ၎င်းကာလနောက်ပိုင်း လေယာဉ်ဆင်းသက်မှု မရှိခဲ့ပါ။ ပြည်လေယာဉ်ကွင်းဟာဆိုရင် သရေခေတ္တရာ ကာကွယ်ထိန်းသိမ်းထားသောဇုန်(Buffer Zone) အတွင်းတည်ရှိပြီး သရေခေတ္တရာ ပြည်မြို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် UNESCO မှ ၂၂-၆-၂၀၁၄ ရက်နေ့တွင် အသိအမှတ်ပြုခဲ့သဖြင့် သရေခေတ္တရာမြို့ဟောင်းကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်သည့်နေ့မှစပြီး ပြည်လေယာဉ်ကွင်းကို လေယာဉ်ဆင်းသက်အသုံးပြုခြင်း၊ တိုးချဲ့ခြင်းကို ခွင့်မပြုခဲ့တော့ပါ။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဧကေဒသမပုံမှန်အစည်းအဝေးမှာ ပဲခူး တိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ရဲ့ ပြည်လေယာဉ် ကွင်းမှာ အသုံးပြုခြင်းမရှိသည့်အတွက် ကျူးကျော်တဲများဝင်ရောက်၍ ပျက်စီးနေပါသဖြင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ပြုပြင်ရန်အစီအစဉ်ရှိ/မရှိ မေးမြန်းချက်နှင့်စပ်လျဉ်းပြီးတော့ ယခင် ပို့ဆောင်ရေးဝန်ကြီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတင်ပြတောင်းခံပြီး ခွင့်ပြုချက် ရရှိပါက ဆောင်ရွက်ပေးမည်ဖြစ် ကြောင်း ဖြေကြားခဲ့ပါတယ်။

အဆိုပါ ကတိကဝတ်အရ ယခင် ပို့ဆောင်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြား မှုဦးစီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၀၀ ဖြင့် ပြည်လေယာဉ် ကွင်းရဲ့ လေယာဉ်ပြေးလမ်းကို ပြုပြင်မွမ်းမံခြင်းနှင့် လေဆိပ်လုံခြုံရေးခြံစည်းရိုးကာရံခြင်းလုပ်ငန်း များဆောင်ရွက်ခွင့်ပြုရန် ယခင်ယဉ်ကျေးမှုဝန်ကြီးဌာနသို့ ၁-၉-၂၀၁၅ ရက်နေ့မှာ လျှောက်ထားခဲ့ရာ ယဉ်ကျေးမှုဝန်ကြီးဌာနမှ သရေခေတ္တရာမြို့ဟောင်းသည် ကမ္ဘာ့အမွေအနှစ်ပျူမြို့ဟောင်းတစ်ခု ဖြစ်သဖြင့် UNESCO ၏ သတ်မှတ်ချက်များအရ ကျူးကျော်မှုမရှိစေရေးအတွက် လုံခြုံရေး ခြံစည်းရိုး ကာရံခြင်းလုပ်ငန်းကိုသာ ခွင့်ပြုပြီး လေယာဉ်ပြေးလမ်းပြုပြင်မွမ်းမံခြင်းလုပ်ငန်းကို ခွင့်မပြုကြောင်း ၂၆-၁၀-၂၀၁၅ ရက်နေ့မှာ ပြန်ကြားခဲ့ပါတယ်။ သို့ဖြစ်၍ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီး ဌာနက ခြံစည်းရိုးကာရံခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့သော်လည်း လွှတ်တော်ကိုယ်စားလှယ်ကြီး

ပြောကြားသွားသလိုပဲ မြေယာပြဿနာတွေကြောင့် ဆောင်ရွက်ရန်လိုအပ်တဲ့ စုစုပေါင်း ပေ ၉၇၀၀ အနက် ပေ ၆၆၈၀ ကိုသာ ပြီးစီးအောင် ကာရံနိုင်ခဲ့ပါတယ်။ တင်ပြခဲ့တဲ့ အကြောင်းအရာများကြောင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ ပြည်လေယာဉ်ကွင်းနေရာကို စွန့်လွှတ်ပေးနိုင်တဲ့ အနေအထားတွင်မရှိသော်လည်း လေယာဉ်ပြေးလမ်း၏ လက်ရှိအခြေအနေမှာကောင်းမွန်ပြီး ပြေးလမ်းမျက်နှာပြင် အချို့နေရာအနည်းငယ်ကို ပြုပြင်မွမ်းမံရန်သာ လိုအပ်လျက်ရှိသဖြင့် လေယာဉ်များဆင်းသက်ခွင့်မရှိသော်လည်း နိုင်ငံတော်၏လိုအပ်ချက်အရ ရဟတ်ယာဉ်များ ရံဖန်ရံခါ အရေးပေါ်ဆင်းသက်ရပ်နားရန်အတွက် လတ်တလောကာလမှာ စွန့်လွှတ်ပေးနိုင်ခြင်းမရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ လေယာဉ်ကွင်းအသစ်တစ်ခု တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းချက်နှင့်စပ်လျဉ်းပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ပြည်လေယာဉ်ကွင်းသစ်ဖောက်လုပ်ရန် မြေနေရာရှာဖွေရေးအဖွဲ့ကို ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးဦးဆောင်၍ ခရိုင်သစ်တောဦးစီးဌာန၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန၊ ခရိုင်လမ်းဦးစီးဌာန၊ ခရိုင်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့မှ ကိုယ်စားလှယ်များ ပါဝင်တဲ့အဖွဲ့ဖွဲ့စည်းပြီး မြေနေရာရှာဖွေခဲ့ရာ ပြည်မြို့နယ်၊ ထမ္မကောက်ကျေးရွာအုပ်စု၊ တီတွဒ်ကျေးရွာအနောက်ဘက်မှာ ဂျက်လေယာဉ်ကြီးများဆင်းသက်နိုင်ရန် ရည်ရွယ်၍ လေယာဉ်ပြေးလမ်းအလျားပေ ၁၅၀၀၀ အနံ ၁၄၅၀ ပေ တည်ဆောက်နိုင်မည့် မြေဧရိယာဧက ၅၀၀ ရှာဖွေ၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံတင်ပြထားကြောင်း သိရှိရပါတယ်။ သို့ရာတွင် လေယာဉ်ကွင်းအသစ်တစ်ကွင်း တည်ဆောက်မည်ဆိုပါက မြေမျက်နှာသွင်ပြင်အနေအထား၊ လေတိုက်နှုန်းနှင့် လားရာအရပ်၊ အတားအဆီးများ၊ လေဆိပ်သို့ ဝင်/ထွက်လမ်းကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်မှု၊ ခရီးသွားများ၏တောင်းဆိုချက်(Demand)၊ စီးပွားရေးတွက်ခြေကိုက်မှုစတဲ့ အခြေခံအချက်များအပေါ်မူတည်ပြီးတော့ ဖြစ်နိုင်ခြေလေ့လာဆန်းစစ်မှု(Feasibility Study) ပြုလုပ်ပြီးမှသာ ဆောင်ရွက်နိုင်မည်ဖြစ်ပါတယ်။ အဲဒါအပြင် လိုအပ်တဲ့မြေနေရာကို လွှဲပြောင်းရယူရမယ့် စရိတ်များအပါအဝင် လေယာဉ်ကွင်းအသစ်တစ်ခုတည်ဆောက်ရာတွင် နိုင်ငံတော်မှ ရင်းနှီးရမည့် ကုန်ကျစရိတ်အနေဖြင့် အလွန်ကြီးမားပါတယ်။

ထို့အပြင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)၏ အထောက်အပံ့အကူအညီနဲ့ မြန်မာနိုင်ငံရဲ့ပို့ဆောင်ရေးကဏ္ဍ

ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်ပေါင်း ၃၀ အတွက် မျှော်မှန်းပြီး ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် အပြီး ရေးဆွဲခဲ့ပြီး ၄-၁၂-၂၀၁၄ ရက်နေ့ ပြည်ထောင်စုအစိုးရအဖွဲ့၏အစည်းအဝေးအမှတ်စဉ်(၂၄/၂၀၁၄) က အတည်ပြုထားတဲ့ အမျိုးသားပို့ဆောင်ရေးပင်မစီမံကိန်း(National Transport Master Plan)၏ လေကြောင်းပို့ဆောင်ရေးကဏ္ဍမှာ ပြည်လေယာဉ်ကွင်းသစ်ဖောက်လုပ်ရန် ပါဝင်ခြင်းမရှိပါကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်လေယာဉ်ကွင်းနေရာကို နိုင်ငံတော်မှ အရေးပေါ်အသုံးပြုရန် လိုအပ်ချက်မရှိတော့သည့်အချိန်တွင် ဌာနပိုင်မြေအဖြစ်မှစွန့်လွှတ်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ လွှဲပြောင်းပေးအပ်နိုင်ပါကြောင်းနှင့် ပြည်လေယာဉ်ကွင်းသစ်တည်ဆောက်ပေးရန် အစီအစဉ်မရှိ သေးပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**စဉ့်ကိုင်မြို့နယ်၊ အားကစားနှင့်ကာယပညာဦးစီးဌာနပိုင် မြို့နယ်အားကစားကွင်းမျက်နှာစာရှိ ဆိုင်ခန်းများကို ခေတ်ကာလနှင့်အညီ ဆိုင်ခန်းငှားခများရရှိစေရေးနှင့် အားကစားကွင်းနှင့် မလျော်ကန်သည့် အရက်၊ ဘီယာဆိုင်များဖွင့်လှစ်ရောင်းချနေမှုကို မည်ကဲ့သို့စီစဉ်ဆောင်ရွက် ပေးမည်ကိုသိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ စဉ့်ကိုင်မဲဆန္ဒနယ်မ ဒေါက်တာဒေါ်ကြည်မို့မို့လွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ကြည်မို့မို့လွင်(စဉ့်ကိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကံကောင်းခြင်းများစွာ ပိုင်ဆိုင်နိုင်ပါစေ။ ကျွန်မကတော့ စဉ့်ကိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ကြည်မို့မို့လွင် ဖြစ်ပါတယ်။ အားကစားနှင့်ကာယပညာဦးစီးဌာနပိုင် စဉ့်ကိုင်မြို့နယ် အားကစားကွင်းမျက်နှာစာရှိ ဆိုင်ခန်းများနှင့်ပတ်သက်ပြီးတော့ မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ စဉ့်ကိုင်မြို့နယ်အားကစားကွင်းမျက်နှာစာရှိ ဆိုင်ခန်းများဟာ ၁၉၉၇ ခုနှစ်က မြန်မာ့ အားကစားလောကအရှိန်အဟုန်ဖြင့်တိုးတက်လာရေးဆိုတဲ့ရည်မှန်းချက်ဖြင့် မြို့နယ်အားကစားကွင်း သာယာလှပစေရန် ရန်ပုံငွေရရှိစေအတွက် ယခင်အားကစားဝန်ကြီးတစ်ဦးရဲ့ညွှန်ကြားမှုဖြင့် အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့ ညှိနှိုင်းပြီးတော့ စဉ့်ကိုင်မြို့နယ်စီးပွားရေးလုပ်ငန်းရှင် တစ်ဦးကို ၁၉၉၈-၁၉၉၉ ခုနှစ်မှာ ဆောက်လုပ်စေခြင်းဖြင့် ပေါ်ပေါက်လာရခြင်းဖြစ်ကြောင်း သိရှိရ ပါတယ်။ ၂၀၀၆ ခုနှစ်တွင်မှ ဝန်ကြီးဌာနရဲ့ညွှန်ကြားချက်ဖြင့် အားကစားနှင့်ကာယပညာဦးစီးဌာနမှ လွှဲပြောင်းလက်ခံယူခဲ့ကြောင်းကိုလည်း သိရှိရပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးရှင့်။ စဉ့်ကိုင်မြို့နေပြည်သူများဟာ အားကစားကွင်းမျက်နှာစာဆိုင်ခန်းများ ဆောက်လုပ်ခွင့်၊ ငှားရမ်းခွင့်တို့နှင့်ပတ်သက်ပြီးတော့ ပွင့်လင်းမြင်သာစွာ သိရှိခွင့်မရခဲ့ကြပါဘူး။ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှူးရဲ့ ပြောကြားချက်အရ ဆိုင်ခန်းငှားရမ်းခမှာ တစ်လလျှင် ၅၀၀ ကျပ်၊ ၁၅၀၀ ကျပ်မှ ယခု ၃၀၀၀ ကျပ်ဖြင့် တိုးမြှင့်ငှားရမ်းလာခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါတယ်။ ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၇ ခုနှစ် ဇန်နဝါရီလအထိ သုံးနှစ်သက်တမ်းစာချုပ်တို့ဖြင့် ဆိုင်ခန်းတစ်ခန်းလျှင် တစ်လ ၃၀၀၀ ကျပ်၊ တစ်နှစ်ငှားရမ်းခ ကျပ်နှုန်းဖြင့် ငှားရမ်းခဲ့ရာ ဆိုင်ခန်း ၅၀ အတွက် တစ်နှစ်လျှင် ၁၈ သိန်းသာ ရရှိခဲ့ကြောင်းသိရှိခဲ့ပါတယ်။ အခုလိုနည်းပါးလွန်းတဲ့ ငှားရမ်းခများဖြင့်ငှားရမ်းနေခြင်းဟာ နောက်ကွယ်မှာအဂတိလိုက်စားဖို့ အခွင့်အရေးပေးထားသလိုဖြစ်ရုံသာမက နိုင်ငံတော်အတွက်လည်း လွန်စွာနစ်နာလှပါတယ်။ ငှားရမ်းခ ၃၀၀၀ ဖြစ်တဲ့အတွက် လူတစ်ဦးမှာ ၁၀ ခန်းလောက်ထိ ရယူငှားရမ်းထားတာကိုလည်း တွေ့ရှိရပါတယ်။

Power Point အသုံးပြုခွင့်ပေးပါရှင်။ ဒါ့ကြောင့် အစိုးရသစ်လက်ထက်မှာ ခေတ်ကာလနှင့် လျော်ညီသော ငှားရမ်းခများရရှိရေးပြင်ဆင်မယ်လို့ မျှော်လင့်နေကြပြီးတော့ စဉ့်ကိုင်မြို့ကပြည်သူတွေဟာ စာချုပ်သက်တမ်းပြည့်မယ့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလကိုရောက်ဖို့ စောင့်မျှော်ခဲ့ကြပါတယ်။ သို့ပါသော်လည်း ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့မှာ စာချုပ်သက်တမ်း တစ်နှစ်သက်တမ်း စာချုပ်ဖြင့် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့ထိ ဆိုင်ခန်းငှားရမ်းခကို ၃၀၀၀ ကျပ်ဖြင့်သာ ထပ်မံစာချုပ်ချုပ်ဆိုငှားရမ်းခဲ့ကြောင်းသိရှိရပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ စဉ့်ကိုင်မြို့ပေါ်မှာ ဆိုင်ခန်းတစ်ခန်းငှားရမ်းခဟာ တစ်လလျှင်အနိမ့်ဆုံး ၈၀၀၀၀ ကနေ ၁၅၀၀၀၀ ခန့်ရှိပါတယ်။ အနိမ့်ဆုံးဈေး ၈၀၀၀၀ နဲ့တွက်ကြည့်မယ်ဆိုရင်တောင် ဆိုင်ခန်း တစ်ခန်း တစ်နှစ်ငှားရမ်းခဟာ ၉၆၀၀၀၀ ဖြစ်လို့ အခန်း ၅၀ အတွက်ဆိုရင် သိန်း ၄၈၀ ခန့်ရရှိမှာ ဖြစ်ပါတယ်။ ယခင်အစိုးရအဆက်ဆက်လက်ထက်မှာ နိုင်ငံတော်အတွက် သိန်းပေါင်းများစွာနစ်နာခဲ့ပြီး ဖြစ်ပါတယ်။ ယခုအစိုးရလက်ထက်မှာလည်း အောက်ခြေအထိသေချာစွာစိစစ်နိုင်မှု အားနည်းခဲ့တဲ့ အတွက် တစ်နှစ်စာငှားရမ်းခမှာ သိန်း ၄၀၀ ကျော်ခန့် ထပ်မံနစ်နာခဲ့ရပြန်တယ်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှာ စာချုပ်သက်တမ်းပြည့်မှာဖြစ်တဲ့အတွက် ထပ်မံနစ်နာမှုမဖြစ်ရအောင် ခေတ်ကာလနှင့် လျော်ညီသော ငှားရမ်းခများပြင်ဆင်သတ်မှတ်၍ ငှားရမ်းခွင့်ကိုလည်း ပွင့်လင်းမြင်သာစွာလုပ်ဆောင်ပေးဖို့ လိုအပ်နေပြီဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့မှာထုတ်ပြန်တဲ့ နိုင်ငံတော်သမ္မတရုံးရဲ့ ညွှန်ကြားချက်အမှတ်(၁/၂၀၁၇)ပါ နိုင်ငံပိုင်ပစ္စည်းများ ငှားရမ်းခြင်းနှင့်ရောင်းချခြင်းဆောင်ရွက်

ရာတွင် လိုက်နာရမည့်တင်ဒါလုပ်ထုံးလုပ်နည်းများနှင့် ညီအောင်လည်း လုပ်ဆောင်နိုင်ဖို့သတိပြုရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ စာချုပ်ပါစည်းကမ်းချက်များအရ ငှားရမ်းခကိုပြင်ဆင်သတ်မှတ်ရမှာဖြစ်တဲ့ အပြင် ငှားရမ်းသူများမှ စာချုပ်ပါစည်းကမ်းများကို လိုက်နာမှုရှိ/မရှိလည်း အမြဲမပြတ်စစ်ဆေး၍ လိုအပ်ပါက တိကျစွာအရေးယူရမှာဖြစ်ပါတယ်။ ဘာ့ကြောင့်လဲဆိုရင် စာချုပ်ပါစည်းကမ်းအရ လွှဲပြောင်းရောင်းချခြင်းမပြုရသော်လည်း ဆိုင်ခန်းတစ်ခန်းကို သိန်း ၁၀၀ ပေါက်ဈေးဖြင့် အရောင်း အဝယ်ပြုနေခြင်း၊ မူလဆိုင်ခန်းထက် အဆမတန်တိုးချဲ့ဆောက်လုပ်ထားခြင်းများရှိနေကြောင်း သိရှိမြင်တွေ့ရလို့ ဖြစ်ပါတယ်။ မူလစာချုပ်မှာ အရက်၊ ဘီယာရောင်းချခြင်းကို တားမြစ်ထားသော် လည်း ယခုအခါ မြန်မာ၊ မန္တလေး၊ ဒဂုံစသည်ဖြင့် ဘီယာမျိုးစုံရောင်းချနိုင်အောင် လိုင်စင်များချပေး ထားသည်ကိုလည်း အံ့သြစရာတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ အားကစားကွင်းမျက်နှာစာတွင် ဆိုင်ခန်းများဆောက်လုပ်ခဲ့ခြင်းရဲ့အဓိက ရည်ရွယ်ချက်က မြန်မာ့အားကစားတိုးတက်ရေးနှင့် အားကစားကွင်းသာယာလှပရေးဖြစ်သော်လည်း ယနေ့အထိ အားကစားကွင်းရဲ့မျက်နှာစာဝင်ပေါက် ဆိုင်းဘုတ်များဟာ မထင်မရှားမှေးမှိန်နေတုန်းပဲ ဖြစ်ပါတယ်။ မျက်နှာစာက အရက်၊ ဘီယာဆိုင်များကတော့ ခမ်းနားထည်ဝါသလောက် ကွင်းထဲမှာ တော့ လိုအပ်ချက်တွေအပြည့်နဲ့ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ စဥ့်ကိုင်မြို့နယ်အားကစားကွင်း မျက်နှာစာရှိ ဆိုင်ခန်းများကို ခေတ်ကာလနှင့်လျော်ညီသော ဆိုင်ခန်းငှားခများရရှိစေရေးနှင့် ကြမ်းခင်းဈေးများ ငှားရမ်းခွင့်များကို ပွင့်လင်းမြင်သာစွာသိရှိနိုင်ရေး၊ အားကစားကွင်းနှင့်မလျော်ကန်သည့် အရက်၊ ဘီယာဆိုင်များဖွင့်လှစ်ရောင်းချနေမှုများကို မည်ကဲ့သို့စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် မဲဆန္ဒရှင်ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံး ကိုကျေးဇူးတင်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းပါတယ်။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး

ဖြစ်ပါတယ်။ စဉ့်ကိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်မို့မို့လွင်၏ မေးခွန်းအား ဖြေကြားမှုဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်၏ ဖြေကြားချက်များအားလုံးသည် လုံးဝမှန်ပါတယ်ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်အတွင်းတွင် အားကစားပြိုင်ပွဲများ စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်နိုင်ရန်နှင့် မြို့နယ်ပြင်ပအားကစားပြိုင်ပွဲများသို့ သွားရောက် ယှဉ်ပြိုင်ရန်လိုအပ်သော ရန်ပုံငွေကိုရဖို့အတွက် ၁၉၉၈ ခုနှစ်မှာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကော်မတီရဲ့ သဘောတူညီချက်ဖြင့် စဉ့်ကိုင်မြို့နယ်အားကစားကွင်းမျက်နှာစာမှာ တစ်ခန်း လျှင် ၉ ပေ x ပေ ၂၀ အကျယ်ရှိတဲ့ ဆိုင်ခန်းပေါင်း ၅၀ ကို မြို့နယ်အားကစားနှင့် ကာယပညာ ကော်မတီမှတည်ဆောက်ပြီး ဆိုင်ခန်းများ ၁၉၉၈ ခုနှစ်မှ ၂၀၀၆ ခုနှစ်ထိ ရှစ်နှစ်ခန့် တစ်ခန်းလျှင် တစ်လကို ၅၀၀ ကျပ်နှုန်း၊ ၂၀၀၆ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ တစ်ခန်းလျှင် တစ်လကို ၈၀၀ ကျပ်နှုန်း၊ ၂၀၀၉ ခုနှစ်မှ ၂၀၁၂ ခုနှစ်ထိ တစ်ခန်းလျှင် ၁၅၀၀ ကျပ်နှုန်းဖြင့် ငှားရမ်းခဲ့တာကို တွေ့ရှိရပါတယ်။ ၂၀၁၃ ခုနှစ်မှစ၍ မူလကောက်ခံလျက်ရှိသောဆိုင်ခန်းခ တစ်လလျှင် ၁၅၀၀ မှ ၃၀၀၀ ကိုတိုးမြှင့် ကောက်ခံခဲ့ပြီး ခေတ်ကာလနှင့်လျော်ညီစွာ ဆိုင်ခန်းငှားရမ်းခများ တိုးမြှင့်ကောက်ခံရေးအတွက် ငှားရမ်းမှုတာဝန်ခံစိစစ်ရေးအဖွဲ့ဖွဲ့စည်းနိုင်ရန် မန္တလေးတိုင်းအစိုးရအဖွဲ့သို့ ၁၀-၂-၂၀၁၇ ရက်စွဲပါ စာအမှတ် ၁၀၇/ငစရ ၁/မတလ ၂၂၄ဖြင့် တင်ပြဆောင်ရွက်ခဲ့ရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖေဖော်ဝါရီလ ၂၂ ရက်နေ့၊ ၂၀၁၇ ရက်စွဲပါစာဖြင့် ငှားရမ်းထားသော မြေအဆောက်အဦများ သင့်မြတ်သောနှုန်းဖြင့် တိုးမြှင့်ကောက်ခံရန်အတွက် ခရိုင်၊ မြို့နယ်ငှားရမ်းမှု တာဝန်ခံစိစစ်ရေး အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရန် ညွှန်ကြားထားတဲ့ညွှန်ကြားစာ ရှိပါတယ်။ ဒီမှာ ကျွန်တော်တို့ ပြန်ကြည့်တဲ့အခါမှာ အထက်ဖော်ပြပါ ဆိုင်ခန်းငှားရမ်းခ တိုးမြှင့်ကောက်ခံမှုနှင့်ပတ်သက်၍ မိမိထံသို့မဟုတ် မိမိဝန်ကြီးဌာနသို့ တင်ပြခွင့်ပြုချက်ရယူခြင်းလုံးဝမရှိသည်ကို တွေ့တဲ့အတွက် ယခုချက်ချင်း ဌာနဆိုင်ရာစုံစမ်းရေးအဖွဲ့ Departmental Enquire ဖွဲ့စည်းပြီး စစ်ဆေးလျက် ရှိပါတယ်။ သို့ရာတွင် စာချုပ်သက်တမ်းကုန်ဆုံးမည့်ရက်က ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက် ဖြစ်ပါတယ်။ ဆိုင်ခန်းခတိုးမြှင့်ကောက်ခံရေးမှာ စာချုပ်အသစ်ပြန်လည်ချုပ်ဆိုသည့်အချိန်မှသာ ဆိုင်ခန်းခတိုးမြှင့်ကောက်ခံနိုင်မည်ဖြစ်သော်လည်း စာချုပ်သက်တမ်းမပြည့်မီ သင့်မြတ်သောနှုန်းထား ဖြင့် ဆိုင်ခန်းငှားရမ်းခများ ထပ်မံကောက်ခံရေးအတွက် စာချုပ်ပြောင်းလဲချုပ်ဆိုရေးကိုတော့ ဗဟိုတိုင်းဒေသကြီး နှင့်ပြည်နယ်အားကစားကော်မတီနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကျွန်တော်

ညှိနှိုင်းပြီးဆောင်ရွက်ကြည့်ပါမယ်။ ဆိုင်ခန်းများစာချုပ်ချုပ်ဆိုရာမှာ မေးခွန်းရဲ့ဒုတိယအပိုင်းဖြစ်တဲ့ ဆိုင်ခန်းများစာချုပ်ချုပ်ဆိုငှားရမ်းရာတွင် အငှားချထားသူများ၏ တာဝန်ဝတ္တရားအပိုဒ်(စ)မှာလည်း ကျွန်တော်တို့ ဖော်ပြထားပါတယ်။ အငှားခထားသည့် မြေ/အဆောက်အဦအတွင်း နိုင်ငံတော်မှ တားမြစ်ပြဌာန်းထားသော ဥပဒေနှင့်မလွတ်ကင်းသည့် အလုပ်များလုံးဝမလုပ်ရဟု ပါပါတယ်။ ပါတဲ့ဖော်ပြထားတဲ့အတွက် ဥပဒေနှင့်အညီ လုပ်ငန်းများဆောင်ရွက်မှုရှိမရှိကို ကျွန်တော်တို့ ညွန်ကြားရေးမှူး၊ မန္တလေးဒေသကြီး၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဇွန်လ ၂၆ ရက်နေ့၊ ၂၀၁၇ ခုနှစ်တွင် ကွင်းဆင်းစစ်ဆေးကြည့်တယ်။ အဆိုပါ စစ်ဆေးတွေ့ရှိချက်အရ စဥ့်ကိုင်မြို့နယ် အားကစားကွင်းမျက်နှာစာမှာ ဆိုင်ခန်းသုံးခန်းမှာတော့ ယစ်မျိုးလိုင်စင်ရောင်းချခွင့်နှင့် အရက်ဘီယာ များရောင်းချနေတာကို သိရှိရပါတယ်။ အားကစားကွင်းနဲ့ပတ်သက်တဲ့ မလျော်ကန်သည့်အရက်၊ ဘီယာဆိုင်များ ဖွင့်လှစ်ရောင်းချနေခြင်းနှင့်ပတ်သက်၍ ယစ်မျိုးလိုင်စင်ရောင်းချခွင့်၊ ပိတ်သိမ်းခွင့် ရှိသော သက်ဆိုင်ရာဒေသအာဏာပိုင် တာဝန်ရှိသူများနှင့်လည်းကောင်း၊ တိုင်းဒေသကြီးအစိုးရ နှင့်လည်းကောင်း ညှိနှိုင်းအကြောင်းကြားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နောင်တွင် ချုပ်ဆိုမည့် စာချုပ်ချုပ်ဆိုရာမှာတော့ အရက်၊ ဘီယာများကို လုံးဝဖွင့်လှစ်ရောင်းချခြင်း၊ ယစ်မျိုးလိုင်စင် ရသော်လည်း လုံးဝရောင်းချဖွင့်လှစ်ခြင်းမပြုရန် ထည့်သွင်းချုပ်ဆိုမည်ဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ရပ်စောက်မြို့နယ်၊ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံကို ဆေးရုံအင်္ဂါရပ်များနှင့်အညီ အထူးကု ဆရာဝန်ကြီးများနှင့် လိုအပ်သော ဝန်ထမ်းများ ပြည့်မီအောင်ခန့်ထားပေးရန်နှင့် ထရန်စဖော်မာအသစ် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်မြင့်(ရပ်စောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်တောင်ပိုင်း၊ ရပ်စောက်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော်တို့ရပ်စောက်မြို့ နယ် ကျန်းမာရေးကဏ္ဍစောင့်ရှောက်မှု ပြည်သူ့ဆေးရုံနှင့်စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းတင်ပြ သွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရပ်စောက်မြို့နယ်သည် အရှေ့နဲ့အနောက် ၃၈ မိုင်၊ တောင်နဲ့မြောက် ၈၇ မိုင်ကျော်ကျယ်ဝန်းပြီး

ဧရိယာစတုရန်းမိုင် ၂၀၅၀ ခန့်ကျယ်ဝန်းပါတယ်။ ရပ်ကွက် ၁၄ ရပ်ကွက်၊ ကျေးရွာ ၂၃၀ ပါရှိပြီး လူဦးရေ တစ်သိန်းငါးသောင်းကျော် နေထိုင်လျက်ရှိပါတယ်။ ၂၀၁၇ ခုနှစ် စာရင်းများအရ မြို့ပေါ်နေ လူဦးရေ ၁၀၇၈၈ ဦး၊ ကျေးလက်နေပြည်သူ ၁၃၂၃၅ ဦးရှိပါတယ်။ တစ်နှစ်အောက်ကလေး ၃၂၇၉ ဦးနဲ့ ကိုယ်ဝန်ဆောင်မိခင် ၃၅၃၄ ဦး၊ ငါးနှစ်အောက်ကလေး ၁၀၄၃၈ ဦးရှိကြောင်း သိရှိရပါတယ်။ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးသူငယ်များ အထူးကုဆရာဝန်ကြီးများနှင့် ပြသကုသရန်လိုအပ် သည့်အခါ ရပ်စောက်မြို့နှင့် ၄၈ မိုင်ဝေးကွာသော တောင်ကြီးဆေးရုံသို့ သွားရောက်ကုသရပါတယ်။ မြို့နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ ကျန်းမာရေးစောင့်ရှောက်ကုသမှုများ အချိန်မီ ငွေကြေး အကုန်အကျသက်သာစွာဖြင့် ကုသနိုင်စေရန်နှင့် မလိုလားအပ်သော လူသားအရင်းအမြစ်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရန်အတွက် ကျန်းမာရေးကဏ္ဍစောင့်ရှောက်မှုများ အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိနေပါတယ်။ ယခု ကျွန်တော်တို့ ရပ်စောက်မြို့နယ် ပြည်သူ့ဆေးရုံသည် ခုတင်(၅၀)ဆံ့ ဆေးရုံဖြစ်သည်နှင့်အညီ ကျန်းမာရေးစောင့်ရှောက်ကုသမှုများ ပိုမိုဆောင်ရွက်နိုင်စေရန်အတွက် ကလေးအထူးကုဆရာဝန်ကြီးများ၊ သားဖွားမီးယပ်နှင့်အထူးကုဆရာဝန်ကြီးများ၊ လိုအပ်သောဝန်ထမ်း များကို ဒေသ၏လိုအပ်ချက်များအရ ဖွဲ့စည်းပုံများတိုးချဲ့၍ ဖြည့်ဆည်းဆောင်ရွက်ပေးရန်လည်း လိုအပ်လျက်ရှိနေပါတယ်။ ၎င်းကဏ္ဍများအပြင် ခွဲစိတ်ကုသရေးလုပ်ငန်းများ၊ ဓာတ်မှန်ရိုက်ခြင်း လုပ်ငန်းများ အဆင်ပြေချောမောအောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် လျှပ်စစ်ဓာတ်အား သတ်မှတ်ဗို့အားများ ပြည့်မီနိုင်စေရန် ဓာတ်တိုင်၊ မီးကြိုးပြန်လည်ပြုပြင်ရန်နှင့် ထရန်စဖော်မာ အသစ် တည်ဆောက်ပေးရန်လည်းပဲ လိုအပ်နေပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်မေးမြန်းလိုသည်မှာ ရပ်စောက်မြို့နယ် ခုတင်(၅၀)ဆံ့ပြည်သူ့ဆေးရုံအင်္ဂါရပ်များနှင့်အညီ ဒေသ၏လိုအပ်ချက်များအရ (၁) ကလေးအထူးကုဆရာဝန်၊ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီးများနှင့် လိုအပ်သောဝန်ထမ်းများ ပြည့်မီအောင်ခန့်ထားဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ၊ (၂) ခွဲစိတ်ကုသရေးနှင့် အခြားသောကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမောအောင်မြင်အောင် ဆောင်ရွက်နိုင်စေရေးအတွက် ထရန်စဖော်မာအသစ်တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ဒေသခံပြည်သူများ၏ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် တင်ပြ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ ရပ်စောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်၏ မေးခွန်း ဖြစ်သော ရပ်စောက်မြို့နယ်၊ ခုတင်(၅၀) ဆံ့ပြည်သူ့ဆေးရုံအင်္ဂါရပ်များနှင့်အညီ အထူးကုဆရာဝန်ကြီး များနှင့်လိုအပ်သော ဝန်ထမ်းများ ပြည့်မီအောင်ခန့်ထားနိုင်ခြင်းရှိ/မရှိနှင့် ခွဲစိတ်ကုသရေးနှင့် အခြား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အဆင်ပြေချောမွေ့စေရန်အတွက် လိုအပ်သော ထရန် စဖော်မာ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းပေးနိုင်ခြင်းရှိ/မရှိနှင့်ပတ်သက်၍ ဖြေကြား မှာဖြစ်ပါတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနအနေဖြင့် ရှမ်းပြည်နယ် ရပ်စောက်ပြည်သူ့ဆေးရုံကြီး ခုတင် (၅၀)ဆံ့ဆေးရုံတစ်ရုံဖြစ်ပြီး မြို့နယ်အတွင်း၌လည်း တိုက်နယ် ဆေးရုံ လေးရုံရှိပါတယ်။ ရပ်စောက်ပြည်သူ့ဆေးရုံ ခုတင်(၅၀)အပါအဝင် ကျွန်တော်တို့ တစ်နိုင်ငံလုံး မှာ ခုတင်(၅၀)ဆံ့တဲ့ဆေးရုံများမှာ ကျွန်တော်တို့ အထူးကုဆရာဝန်များ မရှိပါဘူး။ ရိုးရိုးဆရာဝန်ပဲ ထားပါတယ်။ ဤကဲ့သို့ ထားရခြင်းမှာလည်း ကျွန်တော်တို့က လောလောဆယ်ဆရာဝန်အင်အား ထုတ်လုပ်မှုက မမီနိုင်တဲ့အတွက် သို့သော်လည်း လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်း နောက် ကျွန်တော်တို့ ဖွဲ့စည်းပုံကိုတော့ ပြင်ဖို့ရှိပါတယ်။ ခုတင်(၅၀)တိုင်းကိုတော့ ကျွန်တော်တို့ မပေး ပါဘူး။ လူဦးရေ သိပ်သည်းထူထပ်မှုရှိတဲ့နေရာ၊ လူနာများတဲ့နေရာ၊ သွားလာမှုခက်ခဲတဲ့နေရာမှာရှိတဲ့ ခုတင်(၅၀)ဆံ့ဆေးရုံတွေကိုတော့ ပထမဦးဆုံးအဆင့်နဲ့ ဆေးပညာအထူးကု၊ နောက်ကလေးအထူးကု၊ နောက်တစ်ဆင့်၊ တစ်ဆင့်ဆီ သွားဖွားကို ကျွန်တော်တို့လုပ်မှာပါ။ သွားဖွားနှင့်ခွဲစိတ်ကို ချက်ခြင်း မလုပ်နိုင်တာကတော့ သားဖွားနှင့်ခွဲစိတ်ကိုထည့်မယ်ဆိုရင် ကျွန်တော်တို့က Operation မှာ မေ့ဆေးဆရာဝန်ဆိုတာ အကုန်လိုပါတယ်။ သို့သော်လည်း ဒီလို ခုတင်(၅၀)မှာ မရှိတာကတော့ ဖွဲ့စည်းပုံအရတော့မရှိခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဒါမကြာခင်ကတော့ ဒါကို ကျွန်တော်တို့ ဖွဲ့စည်း ပုံမြှင့်မှာပါ။ ခုတင်(၅၀)ကိုဆိုလို့ရှိရင် အဲဒီတော့ ဒီရပ်စောက်ဆေးရုံနဲ့ကတော့ လမ်းပန်းဆက်သွယ်ရေး လည်းကောင်းတဲ့အတွက် ပြဿနာရှိလို့ရှိရင်တော့ တောင်ကြီးစဝ်စံထွန်းဆေးရုံ၊ နောက်ဗဟိုအမျိုးသမီး နှင့်ကလေးဆေးရုံကြီးတောင်ကြီးနှင့် လွိုင်လင်ဆေးရုံများကတော့ သွားလို့တော့ရပါတယ်။ ကျွန်တော် တို့အနေနဲ့ ဆရာဝန်ကိုကြည့်တဲ့အခါမှာ ခန့်အပ်တဲ့ဝန်ထမ်းအင်အားပေါ့။ ကျွမ်းကျင်ဝန်ထမ်းအင်အား မှာ ၄၆.၇ ရာခိုင်နှုန်းရှိတဲ့အတွက် သိပ်တော့မဆိုးလောက်ပါဘူး။ သို့သော်လည်း ဒီမှာကြည့်တဲ့အခါမှာ

ဆရာဝန် ကခွင့်ပြုက ရှစ်ယောက်၊ ခန့်ထားက သုံးယောက်ဖြစ်တဲ့အတွက် မကြာခင်မှာ ကျွန်တော်တို့ တစ် ယောက်၊ နှစ်ယောက်တော့ ထပ်ပြီးပေးပါမယ်။ အခု ကျွန်တော်တို့ဆရာဝန် ၁၃၀၀ ကျော်ခန့်ဖို့ ရှိပါ တယ်။ လာမယ့် ၂ လအတွင်း။ ဒီဇင်ဘာလောက်မှာ စတင်အလုပ်ဝင်မှာပါ။ ဒီထဲကလည်း ကျွန်တော်တို့ ခန့်ပေးပါမယ်။ သူနာပြုနဲ့တော့ ၁၅ ယောက်ရှိပါတယ်။ ၂၃ယောက်ရှိရမယ့်နေရာမှာ ၁၅ ယောက်ရှိတဲ့ အတွက် ကျွန်တော်တို့ ဒီနှစ် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှာ သူနာပြုအားလုံး ၁၆၇၃ ယောက် ထွက်ပါမယ်။ ထွက်တဲ့အခါမှာ ဒီရပ်စောက်ကိုလည်း ဦးစားပေးပြီး ဆောင်ရွက်ပေးပါမယ်။ ဒီမှာကြည့်တဲ့အခါမှာ ရာခိုင်နှုန်းအားဖြင့် ခုနကတင်ပြတဲ့ ၄၆.၇ ရာခိုင်နှုန်းကိုတော့ ကျွမ်းကျင်ဝန်ထမ်း တွေနဲ့ရှိတဲ့အတွက် အများကြီးဆိုးတော့အဆိုးပါဘူး။ ဆေးရုံအနေနဲ့။ ကျွန်တော်တို့ အခြားကျွမ်းကျင် ဝန်ထမ်းတွေ ကိုကြည့်တဲ့အခါမှာ ရပ်စောက်မြို့နယ်ဆေးရုံကြီးမှာ ဆေးဘက်ကျွမ်းကျင်ဓာတ်မှန် တစ်ယောက်ရှိပါ တယ်။ ဆေးမှတ်တမ်းတစ်ဦးရှိပါတယ်။ ဒါတွေကိုလည်း ကျွန်တော်၂၀၁၇ ခုနှစ် မတ်လကနေပြီးတော့ ကျွန်တော်တို့ခန့်ထားပြီးဖြစ်ပါတယ်။ သူတို့ထက်တစ်ဆင့်မြင့်တဲ့ ဒီဆေးစပ် အဆင့်မြင့် ကျွမ်းကျင် အဆင့်-၃ ဆေးစပ်တွေကိုလည်း ရာထူးတိုးလျှောက်လွှာခေါ်ပြီးတော့ တစ်နှစ်သင်တန်းပေးရန် စီစဉ်ဆောင်ရွက်ခြင်းဖြင့် လောလောဆယ်တော့ မပေးနိုင်ပါဘူး။ သို့သော် ဆေးဘက်ကျွမ်းကျင် ဓာတ်မှန်ဝန်ထမ်းနှင့် ဆေးဘက်ကျွမ်းကျင်ဆေးဝါးဝန်ထမ်းများအတွက်တော့ လက်ရှိလုပ်ငန်းမှာ ကျွန်တော်တို့ကြည့်တဲ့အခါမှာ ဆေးရုံမှာ လူနာက ၄၀ မှ ၅၀ လောက်ပဲရှိတာကို တွေ့ရပါတယ်။ လက်ရှိတွေ့တဲ့အတွက် လက်ရှိဝန်ထမ်းများနဲ့လည်း လုံလောက်စွာ လည်ပတ်နိုင်ခြင်း ရှိတာတစ်ချက်၊ နောက်တစ်ခုက ဒီလို ဆေးဘက်ကျွမ်းကျင်တွေကို ကျွန်တော်တို့က နည်းပါးသည်ဖြင့် ကျွန်တော်တို့ကဒီကိစ္စ ပြောချင်တာက ကျွန်တော်တို့ဝန်ထမ်းတွေကို သင်တန်းတွေပေးပါတယ်။ သုံးနှစ်သင်တန်း၊ ၂ နှစ်သင်တန်း ပြီးရင် ဝန်ထမ်းတွေက မဝင်ဘူးခင်ဗျာ။ ကျွန်တော်တို့ အစိုးရအလုပ်ကို။ အဲ့တော့ ဒီကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော်တို့ ဒီစာချုပ်တွေချုပ်ပြီးတော့ အနည်းဆုံး ၃ နှစ်၊ ၅ နှစ် စသည့်လုပ်ငန်းများလုပ်ဖို့လည်း ကျွန်တော်တို့ စီစဉ်လျက်ရှိပါတယ်။ မေးခွန်းရဲ့ဒုတိယ မေးခွန်းဖြစ်တဲ့ ရပ်စောက်မြို့နယ် ဒီဆေးရုံမှာ 100 KVA ထရန်စဖော်တစ်လုံးနှင့် 11 ကီလိုဗို့ ဓာတ်အားလိုင်း ပေ ၄၀၀ တည်ဆောက်ခြင်းလုပ်ငန်းအတွက် ကျွန်တော်တို့ ကျပ် ၁၃.၄၈၆ သန်းရယ် 400 ဗို့လိုင်း ပေ ၁၅၀၀ တည်ဆောက်ခြင်းအပါအဝင် ဆက်စပ်လုပ်ငန်းများအတွက် ၁၆.၄၃ သန်း တို့ကိုတော့ ကျွန်တော်တို့ ဇွန်လ ၂၇ ရက်နေ့ ရက်စွဲပါစာဖြင့် ငွေများကိုခွဲဝေချမှတ်ပြီး တင်ဒါခေါ်ယူခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**မှူးကြမ်း**

**တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးတက္ကသိုလ်ပါမောက္ခချုပ်ရာထူး တာဝန်များနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနအောက်ရှိ လစ်လပ်လျက်ရှိသော ရာထူးနေရာ အဆင့်ဆင့်တွင် တိုင်းရင်းဆေးပညာရှင်များအား ဖြည့်ဆည်းခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတာကတော့ တိုင်းရင်းဆေးပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးတက္ကသိုလ်ပါမောက္ခချုပ်ရာထူးနေရာများတွင် တိုင်းရင်းဆေးပညာရှင်များအား ခန့်အပ်ပေးရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနအောက်ရှိ လစ်လပ်လျက်ရှိတဲ့ရာထူးနေရာအဆင့်ဆင့်မှာ တိုင်းရင်းဆေးပညာရှင်များကို ဖြည့်ဆည်းခန့်အပ်ထားပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းပဲဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တိုင်းပြည်လွတ်လပ်ရေးရတာ နှစ်ပေါင်း ၇၀ ရှိပါပြီ။ ဒီနေ့အထိ ဒုက္ခ၊ သုက္ခပေါင်းများစွာနဲ့ရင်ဆိုင်နေ ရတာဟာ ချုပ်ပြီးတော့ တစ်ခုတည်းပြောပါဆိုလို့ရှိရင်တော့ နေရာမှန်လူမှန်မဖြစ်တာနဲ့ စီမံခန့်ခွဲမှု လွဲချော်တာကြောင့်ပဲ ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အောက်မှာ တိုင်းရင်းဆေးပညာဦးစီးဌာနကိုဖွဲ့စည်းပေါ်ပေါက်ခဲ့တာ နှစ်ပေါင်း ၃၀ ခန့်ရှိပါပြီ။ သို့သော်လည်း တိုင်းရင်းဆေးပညာရှင်များဟာ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်၊ ဦးဆောင်ဦးရွက်ပြုခွင့် အပြည့်အဝမရရှိသေးဘဲနဲ့ တိုင်းရင်းဆေးပညာလောက လွတ်လပ်ရေးမရသေးဘူးလို့ တိုင်းရင်းဆေး ဆရာတွေက ခံစားနားလည်နေကြရပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရဲ့ တိုင်းရင်း ဆေးလောကဖွံ့ဖြိုးတိုးတက်ရေးကို အစွမ်းကုန်ကြိုးစားဆောင်ရွက်နေတာတွေကိုလည်း ကျွန်တော်တို့ အသိအမှတ်ပြုပါတယ်။ သို့သော်လည်း ပြည်ထောင်စုဝန်ကြီးကြိုးစားသလောက် အရာမထင်ဘဲနဲ့ အဆိုးသံသရာထဲမှာပဲလည်နေရတဲ့ အဓိကအကြောင်းရင်းကတော့ တိုင်းရင်းဆေးပညာဦးစီးဌာနကို ဦးဆောင်ဦးရွက်ပြုတဲ့ ညွှန်ကြားရေးမှူးချုပ်ဟာ နေရာမှန်လူမှန် မဖြစ်တာကြောင့်ပဲဖြစ်ပါတယ် ခင်ဗျား။ မြန်မာ့တိုင်းရင်းဆေးလောကကို ဦးဆောင်နေတဲ့လူဟာ နေရာမှန်လူမှန်မဟုတ်တာကြောင့်

ပထမအကြိမ် ပြည်သူ့လွှတ်တော်မှာလည်း ကျွန်တော်မေးခွန်းမေးပြီးတော့ ဝေဖန်ထောက်ပြခဲ့ဖူးပါတယ်။ အခုလည်း တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရဲ့စီမံခန့်ခွဲမှုအလွဲတွေကို တိုင်းရင်းဆေးလောကတစ်ခုလုံး ဒုက္ခရောက်နေတာတွေကို ပြည်ထောင်စုဝန်ကြီးကိုယ်တိုင်ဖွဲ့စည်းပေးထားတဲ့ တိုင်းရင်းဆေးပညာဆိုင်ရာအကြံပေးအဖွဲ့၊ တိုင်းရင်းဆေးကောင်စီ၊ တိုင်းရင်းဆေးဆရာအသင်း၊ တိုင်းရင်းဆေးထုတ်လုပ်သူများအသင်းတို့က ဝန်ကြီးထံကို အကြိမ်ကြိမ်တင်ပြခဲ့ပြီးလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့တိုင်းရင်းဆေးဆရာလွှတ်တော်ကိုယ်စားလှယ်များကလည်း စာနဲ့ရော၊ လူနဲ့ရော ပြည်ထောင်စုဝန်ကြီးကိုတွေ့ခွင့်တောင်းပြီးတော့ ဆွေးနွေးတင်ပြခဲ့ပြီးလည်းဖြစ်ပါတယ်။ အခု ပြီးခဲ့တဲ့ ဒီလရဲ့ ၂၃ ရက်နေ့ဟာဆိုရင် အဖြစ်အပျက်က တော်တော်အရုပ်ဆိုးပါတယ်။ ဒါ ပြည်ထောင်စုဝန်ကြီးလည်း သိပြီးဖြစ်မယ်လို့ထင်ပါတယ်။ တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲမှာ ညွှန်ကြားရေးမှူးချုပ်ရဲ့ တိုင်းရင်းဆေးပညာအပေါ်မှာ စေတနာမမှန်တာတွေကို တွေ့ရှိရတဲ့အခါကျတော့ ခုနတက်ရောက်လာတဲ့ တိုင်းရင်းဆေးအကြံပေးအဖွဲ့၊ တိုင်းရင်းဆေးကောင်စီ၊ တိုင်းရင်းဆေးအသင်း၊ ထုတ်လုပ်သူများအသင်းက လူကြီးတွေအားလုံးဟာ တိုင်းရင်းဆေးကို ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် နေရာမှန်လူမှန်မဟုတ်တဲ့ ညွှန်ကြားရေးမှူးချုပ်ကို လဲပေးရာကလွဲရင် တခြားမရှိပါဘူးလို့ တင်ပြပြီးတဲ့အခါမှာ အားလုံးပဲ ခန်းမထဲကထွက်သွားခဲ့ကြပါတယ်။ ဒါဟာ ကျွန်တော်တို့တိုင်းရင်းဆေးလောကမှာ တစ်ခါမှဖြစ်ဖူးသေးခြင်းမရှိတဲ့ အဖြစ်အပျက်တစ်ခုပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လက်ရှိကာလ ပြည်ထောင်စုဝန်ကြီးတာဝန်ယူစဉ်မှာ အပြောင်းအလဲမရှိပါက အခြေအနေပိုမိုဆိုးရွားလာမယ့် အခြေအနေကို အချိန်မီပြုပြင်ပြောင်းလဲပေးဖို့ တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အချုပ်အားဖြင့်ပြောရမယ်ဆိုလို့ရှိရင် တိုင်းရင်းဆေးပညာဦးစီးဌာနမှာ အနောက်တိုင်းပညာရှင်၊ ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာတက္ကသိုလ်ပါမောက္ခချုပ်အနက်မှာ ကောင်းစွာဦးဆောင်နိုင်တဲ့ စေတနာရှိတဲ့လူအချို့လက်ထက်မှာ တိုးတက်မှုရှိခဲ့တာကိုလည်း ကျွန်တော်တို့အသိအမှတ်ပြုပါတယ်။ သို့သော်လည်း အများစုဟာ သူတို့သင်ယူတက်မြောက်ကျွမ်းကျင်တဲ့ပညာနဲ့ တိုင်းရင်းဆေးပညာတို့ သဘောသဘာဝကွဲပြားခြားနားတာရယ်၊ တိုင်းရင်းဆေးပညာနဲ့သမိုင်းကို မသိတာရယ်၊ တိုင်းရင်းဆေးပညာရှင်များနဲ့ညှိနှိုင်းဆောင်ရွက်မှုမရှိတာရယ်၊ တိုင်းရင်းဆေးကို မယုံကြည်ဘဲနဲ့ ကိုယ်တတ်သိရာရှုထောင့်ကပဲ ရပ်ခံပြီးတော့ တိုင်းရင်းဆေးပညာအပေါ်မှာ တစ်ဖက်သတ်အကဲဖြတ် ဆောင်ရွက်ချက်များကြောင့် တိုင်းရင်းဆေးပညာလောကဟာ အခုလိုဖွံ့ဖြိုးတိုးတက်မှုမရှိဘဲနဲ့ စိုးရိမ်သောကနဲ့ ရင်ဆိုင်နေရတာဖြစ်ပါတယ်။ Power Point သုံးခွင့်ပြုပါခင်ဗျား။ ဒါကတော့

တိုင်းရင်းဆေးတက္ကသိုလ်အသီးသီး သိပ္ပံကနေပြီးတော့ဆင်းခဲ့တဲ့ ဆရာအရေအတွက်ပဲဖြစ်ပါတယ်။ ထောင်ပေါင်းများစွာရှိနေပြီဖြစ်ပါတယ်။ ဒါကတော့ ဦးစီးဌာနမှာလိုအပ်နေတဲ့ ရာထူးနေရာများပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခုတိုင်းရင်းဆေးပညာရှင်များမှာ သင့်တော်တဲ့၊ ရင့်ကျက်တဲ့၊ အတွေ့အကြုံရှိတဲ့ ပုဂ္ဂိုလ်တွေရှိပြီးဖြစ်တဲ့အတွက် ပြည်ထောင်စုဝန်ကြီးအနေနဲ့ စွမ်းဆောင်ရည်ရှိတဲ့၊ စေတနာမှန်တဲ့၊ တိုင်းရင်းဆေးကိုယုံကြည်တဲ့ ပုဂ္ဂိုလ်တွေကို ခန့်အပ်ပေးဖို့ အချိန်အခါသင့်နေပြီ ဖြစ်ပါတယ်။ ပြည်ထောင်စုဝန်ကြီးအမိန့်ရှိခဲ့သလို တိုင်းရင်းဆေးရောင်ခြည်ဖြာဖို့ ပြောင်းလဲချိန်တန်ပြီ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနအနေနဲ့ ပထမအကြိမ်မေးခဲ့ပြီးပြီ။ သို့သော် မမှတ်မိဘူး။ မေ့သွားတယ်။ အဲဒီတော့ နှစ်ထပ်ရှိပြီ။ မှတ်မိသွားအောင် ဝန်ကြီးဌာနက မေးခွန်းကို ဖြေပေးလိုက်ပါ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် ဒီ ၁၀ မိနစ်အတွင်းမှာ သိရအောင်ကျွန်တော်ဖြေပါမယ်။ ဒီမေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့တိုင်းရင်းဆေးပညာဦးစီးဌာနက ၁၉၉၈ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့ကနေပြီးတော့ အဆင့်(၁)ဦးစီးဌာနအနေနဲ့ဖွဲ့စည်းပြီး ကျွန်တော်တို့ရုံးချုပ်မှာ စီမံဘဏ္ဍာရေး၊ ကုသရေးဌာနခွဲ၊ ဆေးဝါးနဲ့ဘယဆေးဥယျာဉ်၊ သုတေသနနဲ့ဖွံ့ဖြိုးရေးဆိုပြီးတော့ ရှိပါတယ်။ နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်မှာလည်း ဌာနမှူးရုံး ၁၅ ခု၊ မြို့နယ်ဦးစီးဌာန ၂၁၀ ခု၊ ခုတင်(၁၀၀) သုံးရုံ၊ ခုတင်(၅၀) ရှစ်ရုံ၊ (၂၅)ခုတင် ခြောက်ရုံ၊ (၁၆)ခုတင် ရှစ်ရုံ အစရှိသဖြင့် ကျွန်တော်တို့လုပ်လျက်ရှိပါတယ်။ အဲဒီတော့ တိုင်းရင်းဆေးပညာကိုလုပ်တဲ့အခါမှာ ဒီတိုင်းရင်းဆေးပညာလောကကို တိုးတက်အောင်လုပ်ဖို့ဆိုလို့ ရှိရင် တိုင်းရင်းဆေးပညာရှင်တစ်ခုတည်းနဲ့ လုပ်လို့မရပါဘူး။ ဘာကြောင့်မရသလဲဆိုလို့ရှိရင် ကျွန်တော်တို့မှာ ဒီတိုင်းရင်းဆေးပညာဦးစီးဌာနမှာ စီမံခန့်ခွဲရေးလုပ်ငန်းတွေရှိပါတယ်။ နိုင်ငံတကာ ဆက်ဆံရေးလုပ်ငန်းတွေရှိပါတယ်။ သင်ကြားရေးလုပ်ငန်းတွေရှိပါတယ်။ ဓာတ်ခွဲခန်းလုပ်ငန်းတွေ ရှိပါတယ်။ သုတေသနလုပ်ငန်းတွေရှိပါတယ်။ စက်ရုံလုပ်ငန်းတွေရှိပါတယ်။ ပြတိုက်လုပ်ငန်းတွေရှိပါ တယ်။ ဥယျာဉ်လုပ်ငန်းတွေ အများကြီးရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ဒီမှာဆိုလို့ရှိရင် Management ကျွမ်းကျင်တဲ့ Expert, Medical Education နှင့် သင်ကြားရေးကျွမ်းကျင်တဲ့လူ

Laboratory ဓာတ်ခွဲခန်းကျွမ်းကျင်တဲ့လူ၊ သုတေသနလုပ်တဲ့ သုတေသနပညာရှင်တွေ၊ အင်ဂျင်နီယာတွေလည်းလိုပါတယ်။ ပြတိုက်ကိုလုပ်တဲ့ Tutor လိုပါတယ်။ ဥယာဉ်လုပ်ငန်းဖြစ်တဲ့ Agriculturist စိုက်ပျိုးရေးပညာရှင်လည်းလိုပါတယ်။ ဆိုလိုတာက တိုင်းရင်းဆေးတစ်ခုကို တိုးတက်မယ်ဆိုရင် တိုင်းရင်းဆေးပညာရှင်တစ်ခုနဲ့ လုပ်လို့မရပါဘူး။ ဒီဟာတွေအကုန်လုံးပါမှ၊ ဘက်စုံမှ တိုင်းရင်းဆေးကြီးဟာ တိုးတက်မှာဖြစ်ပါတယ်။ အဲဒီတော့ တိုင်းရင်းဆေးပညာရှင်မဟုတ်တဲ့ ဆေးဝါးဗေဒပညာရှင် Pharmacologist တွေ၊ အာဏုဗေဒဇီဝ Microbiologist တွေ၊ ရောဂါဗေဒ Pathologist တွေ၊ Anatomist ခန္ဓာဗေဒပညာရှင်တွေ၊ ရုက္ခဗေဒ Botanist တွေလိုပါတယ်။ ဓာတ်ခွဲ Chemist တွေလိုပါတယ်။ Pharmacist တွေလိုပါတယ်။ ဆေးဝါးကျွမ်းကျင်လိုပါတယ်။ ဆေးဘက်ကျွမ်းကျင် Medical Technologist တွေလိုပါတယ်။ ထို့အပြင် ဇီဝဓာတုဖြစ်တဲ့ Biochemist တွေလည်း အားလုံးလိုပါတယ်။ ဒါအပြင် ကျွန်တော်တို့က တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဆေးဝါးမှတ်ပုံတင်တဲ့လုပ်ငန်းတွေပါတယ်။ လိုင်စင်စစ်ဆေးရေးလုပ်ငန်းတွေပါတယ်။ အခြားလုပ်ငန်းတွေပါတဲ့အတွက် ဒီလုပ်ငန်းတွေကိုလုပ်ဖို့လည်း ဝန်ထမ်းတွေကို ကျွန်တော်တို့က ခန့်ရပါတယ်။ တိုင်းရင်းဆေးပညာဦးစီးဌာနတစ်ခုတည်းမှာ တိုင်းရင်းဆေးပညာရှင်တွေပဲခန့်လို့ အလုပ်လုပ်လို့မရပါဘူး။ အားလုံးပါပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ နည်းများနည်းနေသလားလို့ ပြန်ကြည့်တဲ့အခါမှာ မနည်းပါဘူး။ ပထမဆုံးအနေနဲ့ကတော့ တိုင်းရင်းဆေးပညာဦးစီးဌာနကို ဦးဆောင်မယ့်လူ၊ ညွှန်ကြားရေးမှူးအဆင့်က ပြုလုပ်မယ့်လူအနေနဲ့တော့ အဆိုပါလုပ်ငန်းနယ်ပယ်အားလုံးကို ကျွမ်းကျွမ်းကျင်ကျင် နှံ့နှံ့စပ်စပ်သိနိုင်ပြီး လမ်းညွှန်မှုပေးရမယ်။ ဆိုလိုတာက ကျွန်တော်တို့တိုင်းရင်းဆေးဟာ ဒါ Multidisciplinary ပေါ့လေ။ များပြားလှသောပညာရှင်များပါဝင်ပြီး ဆောင်ရွက်တဲ့လုပ်ငန်းဌာနဖြစ်ပါတယ်။ အခြားဝန်ကြီးဌာနများနှင့်မတူဘဲ အသွင်သဏ္ဌာန်အားဖြင့်လည်း လုပ်ငန်းသဘာဝများစွာကွာပါတယ်။ အဲဒီတော့ ဆိုလိုတာလည်း ဆရာဝန်တစ်ဦးတည်းနဲ့ လုပ်လို့မရပါဘူး။ အကုန်လုံးပေါင်းစပ်လုပ်မှသာလျှင်ရတယ်။ ဆိုလိုတာက မိမိတို့တတ်ကျွမ်းထားသော ပညာရပ်တစ်ခုတည်းဖြင့် သီးခြားဆောင်ရွက်၍မရဘဲ ကျွမ်းကျင်မှုဘာသာရပ်တွေအားလုံးပေါင်းပြီးလုပ်မှသာလျှင်ဖြစ်ပါတယ်။ ဆိုလိုတာက တစ်နဲ့တစ်ပေါင်းရင် ငါးဖြစ်အောင် ကျွန်တော်တို့ ဒီလိုပေါင်းလုပ်ရပါတယ်။ တစ်ယောက်တည်းလုပ်လို့မရပါဘူး။ အဲဒီတော့ ကျွန်တော်တို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ တိုင်းရင်းဆေးပညာဦးစီးဌာနမှာ မည်သူ့ကို ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ပါမောက္ခချုပ်ခန့်ထားရမယ်ဆိုတာ သတ်မှတ်ထားတာမဟုတ်ပါဘူး။ သို့သော်လည်း လုပ်ငန်းတာဝန်ကို နိုင်နိုင်နင်းနင်း ထမ်းဆောင်နိုင်တဲ့လူ၊ ပညာအရည်အချင်း၊ စိတ်ဓာတ်၊ လုပ်သက်၊ လုပ်ငန်းကျွမ်းကျင်မှုအချက်များကို အခြေခံပြီးတော့ ရွေးချယ်ခြင်းဖြစ်ပါတယ်။

**မူကြမ်း**

ယခုဆောင်ရွက်လျက်ရှိသော ဒီမှာလည်း ကျွန်တော်ဝန်ကြီးမဖြစ်ခင်ကတည်းက လုပ်ဆောင်နေတဲ့ DG ဖြစ်ပါတယ်။ လုပ်ငန်းအတွေ့အကြုံအားဖြင့်တော့လည်း အသင့်အတင့်ရှိပါတယ်။ သို့သော်လည်း ဒီကိစ္စမှာ ခဏခဏလည်း ကျွန်တော့်ကိုမေးခွန်းတွေမေးတဲ့အတွက် ကျွန်တော့်အနေနဲ့ ဒီညွှန်ကြားရေး မှူးချုပ်တစ်ယောက်တည်းနဲ့ မလုံလောက်ဘူးဆိုတာသိတဲ့အတွက် လွန်ခဲ့တဲ့သုံးလလောက်က ကျွန်တော် Technical Advising Group on Traditional Medicine ကိုဖွဲ့ပါတယ်။ ဒီမှာ တိုင်းရင်းဆေးပညာရှင်ကြီးတွေပါတယ်။ သမားတော်ကြီးတွေလည်းပါတယ်။ ဒီတိုင်းရင်းဆေး ပါမောက္ခ Rector တွေလည်းပါပါတယ်။ တိုင်းရင်းဆေးထုတ်လုပ်သူတောင်ပါတယ်။ ဘက်စုံ မျှတအောင်။ တိုင်းရင်းဆေးထုတ်တဲ့သူကလည်းကြည့်ရမယ်။ တစ်ဖက်သတ်ကြည့်လို့မရဘူး။ Holistic ကြည့်ရမယ်ဖြစ်တဲ့အတွက် အားလုံးဘက်စုံဖွဲ့တဲ့အဖွဲ့ကိုဖွဲ့ပြီးတော့ ဒီအဖွဲ့ကတင်ပြတဲ့အချက်တွေ အကုန်လုံးကို ကျွန်တော့်ဆီကို တိုက်ရိုက်တင်ပါတယ်။ အဲဒီဟာတွေကိုလည်း တစ်ခုချင်းတစ်ခုချင်းကို ညွှန်ကြားရေးမှူးချုပ်ကိုလုပ်ဖို့ တာဝန်ပေးထားတယ်။ ဒီအဖွဲ့ကတင်ပြတဲ့ဟာကို ကျွန်တော်မလုပ်တာ ဆိုလို့ တစ်ချက်မှမရှိသေးပါဘူး။ သူတို့ဆက်လက်ပြီးတော့ပေးနေပါတယ်။ တော်တော်လည်းလုပ်နေ ပါတယ်။ အဲဒီတော့ ဒီအဖွဲ့ရဲ့ အကြံပေးချက်တွေကို ကျွန်တော်တို့ ဆက်ပြီးလုပ်မယ်ဆိုလို့ရှိရင်တော့ တိုင်းရင်းဆေးလောကကြီးဟာ မတိုးတက်ဘူးမဖြစ်ပါဘူး။ တိုးတက်မှာပါ။ နောက်တစ်ချက်က ဒီနေရာမှာ ဒီတိုင်းရင်းဆေးမှာ ညွှန်ကြားရေးမှူးချုပ်ပဲဖြစ်ဖြစ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ပဲဖြစ်ဖြစ် မည်သူမဆိုဖြစ်နိုင်ပါတယ်။ တိုင်းရင်းဆေးပညာရှင်လည်းဖြစ်နိုင်တယ်။ အခြားကျွမ်းကျင်တဲ့ Management Expert လည်းဖြစ်နိုင်ပါတယ်။ ညွှန်ကြားရေးမှူးချုပ်လယ်ပယ်ဆိုတာက Technical တစ်ခုတည်းကို သိလို့မရပါဘူး။ အားလုံးအဘက်ဘက်က သိဖို့ဖြစ်ပါတယ်။ သို့သော်လည်း လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်း မည်သူမဆို တစ်ဦးတစ်ယောက်တည်း တော့ Sight ပေါ့လေ။ အကုန်လုံးဖြစ်ဖို့ကတော့ မဖြစ်နိုင်ပါဘူး။ ကျွန်တော့်အနေနဲ့ ဒီကိစ္စကိုလည်း သိတဲ့အတွက် ကိုယ်တိုင်ကျွန်တော် Manage လုပ်နေပါတယ်။ အကုန်လုံးကိုလုပ်ခိုင်းတယ်။ ပြန်ကြည့်တယ်။ အားလုံးလုပ်နေပါတယ်။ အဲဒါလေးတော့ ကျွန်တော်တင်ပြချင်ပါတယ်။ နောက်တစ်ခါ ကျွန်တော်တိုင်းရင်းဆေးပညာရဲ့ဖွဲ့စည်းပုံကို ကျွန်တော်ပြန်ကြည့်တဲ့အခါမှာ ခွင့်ပြုအရာထမ်း ၅၁၈ ဦး ရှိပါတယ်။ အဲဒီ ၅၁၈ ဦးမှာ လက်ရှိဝန်ထမ်းအင်အားမှာ ၂၄၇ ဦး၊ ၄၇.၇ ရာခိုင်နှုန်းကတော့ အရာရှိတွေ ဖြစ်ပြီးတော့ အဲဒီထဲမှာ ၁၈၈ ဦးဟာ တိုင်းရင်းဆေးပညာရှင်များဖြစ်ပါတယ်။ ဆိုလိုတာက အရာရှိခန့်ထားတဲ့ ၂၄၇ ယောက်မှာ ၁၈၈ ဦးသည် တိုင်းရင်းဆေးပညာရှင်များဖြစ်တဲ့အတွက် ၇၆.၁ ရာခိုင်နှုန်းသော အရာထမ်းများသည် တိုင်းရင်းဆေးပညာရှင်များဖြစ်တာကို ကျွန်တော် တွေ့ရပါတယ်။

**မှူကြမ်း**

နောက်တစ်ချက်က ဆရာဝန်တွေကြည့်တဲ့အခါမှာ ဆရာဝန်လည်းမများပါဘူး။ စုစုပေါင်းဆရာဝန်က ၂၃ ဦးပဲခန့်ထားပြီးတော့ ဒီ ၂၃ ဦးဟာ ကျွန်တော်တို့လောလောဆယ်ခန့်ထားတဲ့ ၂၄၇ ဦးနဲ့တွက်မယ်ဆိုရင်တော့ ၉.၃ ရာခိုင်နှုန်းပဲရှိပါတယ်။ ဝန်ထမ်းအားလုံးနဲ့တွက်မယ်ဆိုလို့ရှိရင် ၁.၀၉ ရာခိုင်နှုန်းပဲဆိုတော့ ဆရာဝန်တွေအများကြီးမခန့်ထားပါဘူး။ သို့သော် ခန့်တဲ့ဆရာဝန်တွေကလည်း MMedSc တို့ PhD တို့ Post-doctorate ရတဲ့ဆရာဝန်များဖြစ်ပါတယ်။ တချို့ဆရာဝန်တစ်ဦးဆိုလို့ရှိရင် ဆရာဝန်နဲ့ တိုင်းရင်းဆေးပညာနှစ်မျိုးပေါင်း ကျွမ်းကျင်တဲ့လူတွေဖြစ်တာကိုလည်း ကျွန်တော်တို့အနေနဲ့ တွေ့ရပါတယ်။ အဲဒီတော့ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူး(ကုသ)ပါမောက္ခများမှာ တိုင်းရင်းဆေးပညာရှင်စစ်စစ်တွေဖြစ်ပါတယ်။ ပါမောက္ခချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူး(ကုသရေး)တို့မှာလည်း ဆရာဝန်နှင့် တိုင်းရင်းဆေးပညာနှစ်မျိုးစလုံးကို ကျွမ်းကျင်တဲ့သူများဖြစ်ပါတယ်။ ညွှန်ကြားရေးမှူး(ဆေးဝါး)ဆိုသူဆိုလျှင်လည်း တိုင်းရင်းဆေးနှင့် ဓာတုဗေဒဘာသာရပ်ဆိုင်ရာပညာရှင်များကို ကျွန်တော်တို့ ခန့်ထားခြင်းဖြစ်ပါတယ်။ အဲဒီတော့ကျွမ်းကျင်သူများကို ကျွမ်းကျင်ရာကျွမ်းကျင်ရာအလိုက် ကျွန်တော်တို့ ခန့်ထားပါတယ်။ သို့ဖြစ်ပါ၍ တိုင်းရင်းဆေးပညာဦးစီးဌာနလက်အောက်ရှိ လစ်လပ်လျက်ရှိသော ရာထူးအဆင့်ဆင့်တွင် တိုင်းရင်းဆေးပညာရှင်းများနှင့် သီးသန့်သက်ဆိုင်တဲ့နေရာမှာတော့ ကျွန်တော့်အနေနဲ့ လုံးဝခန့်မှာပါ။ အဲဒီတော့ ကျွန်တော်တို့ ခွင့်ပြုတဲ့ခန့်ထားဆိုလို့ရှိရင် ကျွန်တော်တို့က အရာထမ်းမှာ ၅၁၈ ယောက်ခွင့်ပြုထားပါတယ်။ ၂၄၇ ယောက်ပဲခန့်ရသေးတယ်။ အမှုထမ်းမှာ လေးထောင်ကျော်ကနေ ၁၈၀၀ လောက်ပဲ ခန့်ရပါသေးတယ်။ ကျွန်တော်တို့ တဖြည်းဖြည်း တဖြည်းဖြည်း ဒီအစိုးရက ဘတ်ဂျက်ပေးရင်ပေးသလို လျာထားချက်တိုးတက်ပြီး ကျွန်တော်တို့ခန့်ဖို့ရှိပါတယ်။ မည်သို့ပင်ဆိုစေကာမူ ကျွန်တော့်အနေနဲ့ကတော့တိုင်းရင်းဆေးပိုမိုတိုးတက်ဖို့အတွက် ခုန Technical Advising Group on Traditional Medicine ကနေ အကြံဉာဏ်တွေယူပြီး လုပ်နေပါတယ်။ ထို့အပြင် ကျွန်တော့်အနေနဲ့ကပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများကလည်း အကြံဉာဏ်များကို ကျွန်တော်တို့ကို ပေးပါ။ ကျွန်တော်တို့က ဒီအကြံဉာဏ်များကို လုံးဝလက်ခံပြီးတော့ တိုင်းရင်းဆေးလောကကြီးတစ်ခုလုံးကို တိုးတက်ဖို့ အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း လေးစားစွာဖြေကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ မေးခွင့်ပြုပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ပြည်ထောင်စုဝန်ကြီးကို အင်မတန်မှလေးစားပါတယ်။ သူဖြေတဲ့အဖြေတွေကလည်း ဒါပေမဲ့ ယေဘုယျ ဆန်တာတွေပဲ တွေ့ရတာများပါတယ်။ များပြားတဲ့ပညာရှင်များပါဝင်တာကို ကျွန်တော်တို့က လက်ခံ ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးဦးဆောင်နေတဲ့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှာ လည်း ဆရာဝန်မဟုတ်တဲ့ များပြားတဲ့ပုဂ္ဂိုလ်တွေကို ပါဝင်ဖို့လိုအပ်လို့ခန့်ထားတယ်ဆိုတာ ကျွန်တော် တို့သိပါတယ်။ သို့သော် တိုင်းရင်းဆေးပညာကိုဦးဆောင်တဲ့ ပုဂ္ဂိုလ်ကတော့ တိုင်းရင်းဆေးပညာရှင်က ပဲဦးဆောင်သင့်ပါတယ်ခင်ဗျား။ ဒါက ကျန်းမာရေးနှင့်အားကစားဝန်ကြီးကိုယ်တိုင်ရဲ့ ညွှန်ကြားရေးမှူး ချုပ်တွေကို အဆင့်ဆင့်ကြည့်လို့ရှိရင် တခြားပညာရှင်တွေကိုခန့်ထားတာ တစ်ယောက်မှမတွေ့ရ ပါဘူး။ ပြည်ထောင်စုဝန်ကြီးကိုယ်တိုင်က ကျန်းမာရေးပညာရှင်တစ်ယောက်မို့လို့ ကျန်းမာရေးဝန်ကြီး ဌာနရဲ့တာဝန်ကို ထမ်းဆောင်တဲ့အခါမှာ အင်မတန်မှ ပြည့်ပြည့်ဝဝ စွမ်းရည်ပြည့်စွာနဲ့ ဆောင်ရွက်နိုင် တာဖြစ်ပါတယ်။ နောက်ပြီးတော့ ဆရာဝန် ၂၃ ဦးပဲခန့်ထားပါတယ်လို့ ပြည်ထောင်စုဝန်ကြီးက ပြောသွားပါတယ်။ အဲဒီ ၂၃ ဦးကပဲ အဲဒီတိုင်းရင်းဆေးလောကကြီးတစ်ခုလုံးကို ချိတ်ဆက်ပြီးတော့ ဦးဆောင်နေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့လည်း တိုင်းရင်းဆေးပညာဦးစီးဌာနဟာ ဒီလိုအဆီအငေါ် မတည့်ဘဲနဲ့ ဖြစ်နေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်ဒီမှာ မေးတဲ့အထဲမှာ ပြည်ထောင်စု ဝန်ကြီးဖြေတာ ကျန်နေတာရှိပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ခုနဖော်ပြသွားတဲ့ လစ်လပ်နေတာ အဆင့်၊ ရာထူးတွေ အများကြီးရှိပါတယ်။ အဲဒါတွေကို ကျွန်တော် စာရင်းဇယားနဲ့လည်း တင်ပြပြီး ဖြစ်ပါတယ်။ အဲဒါတွေကို အစောဆုံးအချိန်ပေါ့။ ဘယ်လောက်မှာစိစစ်ပြီးတော့ ခန့်ထားပေးဖို့ရှိသလဲ ဆိုတာကိုလည်း မေးချင်ပါတယ်။ နောက်တစ်ခုကကျတော့ ကျွန်တော်တို့ လုပ်သက် ရှစ်နှစ်ခွဲကနေပြီး တော့ ၁၈ နှစ်အထိရှိတဲ့ ဝန်ထမ်း ၂၃ ဦးဟာဆိုရင် ပြီးခဲ့တဲ့တစ်နှစ်က အရာရှိစာမေးပွဲဝင်ဖြေထားတာ ရှိပါတယ်။ အဲဒါကိုလည်း ဆက်လက်ပြီးတော့ ဆောင်ရွက်ပေးခြင်းမရှိဘဲနဲ့ တိုင်းရင်းဆေးပညာဦးစီး ဌာနမှာလား။ ဝန်ကြီးဌာနမှာလား။ ဘယ်မှာရောက်နေမှန်းမသိဘဲနဲ့ အဲဒီလို ကျွန်တော်တို့ကလေးတွေ ဟာ နစ်နာတာတွေလည်း ကျွန်တော်တို့ တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ဒီ လစ်လပ်တဲ့နေရာတွေမှာ ဘယ်တော့ ခန့်ထားပေးဖို့ရှိသလဲ။ ခုနတုန်းက ပျောက်နေတဲ့ ၂၃ ဦးနဲ့ပတ်သက်လို့ရှိရင်လည်း အမြန်ဆုံး စိစစ်ပေးပြီးတော့ ဆောင်ရွက်ပေးဖို့ရှိ/မရှိဆိုတာလေးလည်း ဖြေကြားပေးပါခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**မူကြမ်း**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။

အရာရှိခန့်တဲ့ကိစ္စက ကျွန်တော်မေးလိုက်တာမှန်ပါတယ်။ အောက်ကလူက PSC ပေါ့။ ဝန်ထမ်းရွေးချယ်ရေးနဲ့ ညှိပြီးလုပ်တယ်ဆိုတာ အမှန်မလုပ်ပါဘူး။ အဲဒါကြောင့် ကြာတယ်ဆိုတာကို ကျွန်တော်သိပါတယ်။ အဲဒီကိစ္စကိုလည်း ကျွန်တော်ချက်ချင်းကိုပြောပါတယ်။ ဒါကို အမြန်ဆုံးဖြစ်အောင် လုပ်ဖို့။ ဦးစီးအရာရှိဖြစ်မယ့်ကိစ္စပါ။ ကျန်တဲ့မေးခွန်းတွေကတော့ ကျွန်တော့်လယ်ပယ်နဲ့တင်မကဘူး။ ဒါအထက်လယ်ပယ်မှဖြေနိုင်တဲ့မေးခွန်းတွေဖြစ်တဲ့အတွက် ကျွန်တော်မဖြေပါဘူး။ သို့သော်လည်း ဒီခန့်အပ်တဲ့နေရာမှာလည်း လိုတဲ့ဥစ္စာကိုတော့ ပိုက်ဆံရရင်ရသလောက် ကျွန်တော်တို့ခန့်မှာပါ။ ခန့်တဲ့အခါမှာလည်း သူ့နေရာနဲ့သူခန့်မှာပါ။ Botanist လိုတဲ့နေရာမှာ ကျွန်တော်တို့က တိုင်းရင်းဆေးပညာရှင်ခန့်လို့မရပါဘူး။ Pharmacologist လိုတဲ့နေရာမှာ တိုင်းရင်းဆေးပညာရှင် ခန့်လို့မရပါဘူး။ အဲဒီတော့ လူမှန်နေရာမှန်ကိုခန့်ဖို့ကတော့ ကျွန်တော့်အနေနဲ့ လုံးဝဝန်လည်းမလေးပါဘူး။ ကျွန်တော်လည်းပြန်ကြည့်နေပါတယ်။ တိုင်းရင်းဆေးတက္ကသိုလ်ကထုတ်တဲ့ပညာရှင်များဟာ ကျွန်တော်တို့ကသုံးရမယ်။ မသုံးရင်သူတို့ဘယ်မှာသွားလုပ်မလဲ။ ကျွန်တော်ပြီးခဲ့တဲ့အပတ်ကလည်း တိုင်းရင်းဆေးတက္ကသိုလ်ကိုရောက်ပါတယ်။ ဘာတွေလုပ်ရမယ်ဆိုတာ ကျွန်တော်အသေးစိတ်လမ်းညွှန်ခဲ့ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ကတော့ ဒီဟာကို ခြောက်လ၊ တစ်နှစ်အတွင်း နည်းနည်းစောင့်ကြည့်စေချင်ပါတယ်။ စောင့်ကြည့်လို့ရှိရင် ကျွန်တော်တို့ ဘယ်လောက်တိုးတက်တယ်ဆိုတာကို ကျွန်တော်တို့ သိမှာပါ။ အဲဒီတော့ ဒီကိစ္စမှာ ဒီလိုမေးခွန်းတွေဘာကြောင့်မေးရသလဲဆိုတာက ဆေးထုတ်လုပ်သူနဲ့ဒီဘက်က ကျွန်တော်တို့က တိုင်းရင်းဆေးပညာဦးစီးဌာနက တင်းကြပ်မှုတွေအပေါ်မှာ မူတည်ပြီးဖြစ်ပါတယ်။ တိုင်းရင်းဆေးပညာဦးစီးဌာနက တင်းကြပ်တာမဟုတ်ပါဘူး။ ထုတ်တဲ့ဆေးတွေသည်အာနိသင်မရှိဘူး။ အန္တရာယ်ရှိတဲ့ဆေးဆိုရင် ကျွန်တော်တို့ ပြည်သူတွေပဲ ဒုက္ခရောက်မှာပါ။ အဲဒါကြောင့် ဒီဥစ္စာကို သေသေချာချာ သူတို့ကိုင်တွယ်တဲ့အတွက် နည်းနည်းလေး မကျေမလည်ဖြစ်ခြင်းပဲဖြစ်ပါတယ်။ သို့သော်လည်း ဒီကိစ္စမှာတော့ ကျွန်တော်တို့က တရားသဖြင့် အကုန်ဖြစ်အောင်ကျွန်တော်တို့လုပ်မှာပါ။ တကယ်ပဲ Mercury ပါတယ်။ ဒီ Diapity ဆေးမှာ Glucose တို့Antidiapatic ဟိုဟာတွေပါတယ်ဆိုရင်တော့ ဒါလုံးဝမသွင်းပါဘူး။ တချို့ဆေးတွေမှာ Preslone တွေပါပါတယ်။ အလွန်အန္တရာယ်ရှိပါတယ်။ တိုင်းရင်းဆေးသမားတော်တွေကပြောပါတယ်။ ကျွန်တော်တို့အစည်းအဝေးမှာ သူတို့သေဒဏ်ပေးရင် သေဒဏ်ပါယူမှာပဲတဲ့။ အဲဒီတော့ ကျွန်တော်တို့ဒါတွေတွေ့တဲ့အခါမှာ ကျွန်တော်တို့ကတော့ ပြည်သူရဲ့အကျိုးကိုရှေးရှုပြီးတော့ ကျွန်တော်တို့ကသတင်းစာမှာ ကြေညာရပါတယ်။ ဒါကြောင့်လည်း မကျေမလည်နည်းနည်းဖြစ်တယ်လို့ထင်ပါတယ်။

**မူကြမ်း**

ဒါကြောင့်လည်း ကျွန်တော်တို့က Technical Advising Group on Traditional Medicine တိုင်းရင်းဆေးကို ဖွဲ့ခြင်းဖြစ်ပါတယ်။ ဒီအဖွဲ့မှာ ထုတ်လုပ်သူလည်းပါပါတယ်။ ဆေးရောင်းတဲ့သူတွေလည်းပါပါတယ်။ နောက်နှစ်ဦးနှစ်ဖက်ရဲ့ အမြင်ကိုဖလှယ်ပြီးတော့ ရမှသလျှင် Technical Advising Group ကထွက်လာတဲ့အဖြေသည် သမာသမတ်ကျပြီးတော့ Bias မရှိတဲ့အဖြေဖြစ်/မဖြစ် ကျွန်တော် ဒီအဖွဲ့ကိုလည်း အရမ်းလေးစားတယ်။ ဒီအဖွဲ့ဟာကိုလည်း ကျွန်တော်ဆက်လက်ပြီးတော့ လုပ်နေပါတယ်။ အဲဒီတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ နည်းနည်းလေး စောင့်ကြည့်ပေးစေချင်ပါတယ်။ ကျွန်တော်တို့ဘယ်လိုလုပ်သလဲဆိုတာကို ကျွန်တော်တို့ ဒါထက်တိုးတက်မယ်ဆိုတာကို ကျွန်တော်တို့ ယုံကြည်ပါကြောင်း ဖြေကြားအပ်ပါတယ်။

**ရမ်းဗြဲမြို့နယ်၊ လေးတောင်တိုက်နယ်ဆေးရုံမှ ဆရာဝန်နှင့်ကျန်းမာရေးဝန်ထမ်းများ အဆင်ပြေစွာနေထိုင်နိုင်ရန် နေအိမ်အဆောက်အဦများ ဆောက်လုပ်ပေးရန်နှင့် လေးတောင်တိုက်နယ်ဆေးရုံအား ပိုမိုကောင်းမွန်သော အုတ်တံတိုင်းကာရံပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရမ်းဗြဲမဲဆန္ဒနယ်မှ ဦးကျော်ရွှေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်ရွှေ(ရမ်းဗြဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ရွှေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေ့ မေးမြန်းမယ့်မေးခွန်းကတော့ ရမ်းဗြဲမြို့နယ်၊ လေးတောင်တိုက်နယ်ဆေးရုံမှာ ဆရာဝန်နှင့်ကျန်းမာရေးဝန်ထမ်းများ အဆင်ပြေစွာနေထိုင်နိုင်ရန် နေအိမ်အဆောက်အဦများ ဆောက်လုပ်ပေးရန်နှင့် လေးတောင်တိုက်နယ်ဆေးရုံအား ပိုမိုကောင်းမွန်သော အုတ်တံတိုင်းကာရံပေးရန်အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်လို့ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ဒီလိုမေးခွန်းမေးမြန်းရတဲ့ အကြောင်းအရာကို အကျဉ်းချုပ်တင်ပြလိုပါတယ်။ ကျွန်တော်တို့ ရမ်းဗြဲမြို့နယ်မှာ ရမ်းဗြဲမြို့နှင့်လေးတောင်တိုက်နယ်ဆေးရုံက ၁၅ မိုင်ခန့်ကွာဝေးပြီး တိုက်နယ်သုံးတိုက်နယ်၏ကျေးရွာပေါင်း ၃၀ ကျော်၊ လူဦးရေပေါင်း ၃၀၀၀ ခန့်ကို ကျန်းမာရေးစောင့်ရှောက်မှုပေးနေတဲ့ တိုက်နယ်ဆေးရုံတစ်ခုဖြစ်ပါတယ်။ လေးတောင်တိုက်နယ်ဆေးရုံကို ၁၉၇၅ ခုနှစ်တွင် လေးတောင်တိုက်နယ်၊ ကျောက်ချောင်းတိုက်နယ်၊ ကန်တိုက်တိုက်နယ်သုံးခုမှ လူတစ်ဦး၏ ပံ့ပိုးကူညီမှုဖြင့် ကိုယ့်အားကိုယ်ကိုးတာဝန်ယူတည်ဆောက်ဖွင့်လှစ်ခဲ့သော တိုက်နယ်ဆေးရုံတစ်ခု ဖြစ်ပါတယ်။ ဤတိုက်နယ်ဆေးရုံတွင် ပြင်ပလူနာဆောင်တစ်ဆောင်၊ အမျိုးသားလူနာဆောင်

တစ်ဆောင်၊ အမျိုးသမီးလူနာဆောင်တစ်ဆောင်၊ သံဃာတော်ဆောင်တစ်ဆောင်နှင့် ခွဲစိပ်ခန်းတစ်ခန်း ပါဝင်ပြီး ဆောက်လုပ်ထားသော ကိုယ့်အားကိုယ်ကိုးတိုက်နယ်ဆေးရုံတစ်ရုံ ဖြစ်ပါတယ်။ ယခုလို နိုင်ငံတော်က ဘဏ္ဍာငွေများချပေးပြီး တိုက်နယ်ဆေးရုံဖွင့်လှစ်ဆောင်ရွက်ပေးမှု မရှိသေးသော လွန်ခဲ့သောနှစ်ပေါင်း ၄၀ ကျော်လောက်ကပင် မိမိတို့ဒေသနေပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပြုလုပ်နိုင်ရန်နှင့် အမြော်အမြင်နှင့်ပြည့်စုံသော၊ ဒေသအကျိုးကိုဆောင်ရွက်လိုသော လူများက တိုက်နယ်သုံးခုမှပြည်သူလူထုကို ဦးဆောင်စည်းရုံး၍ ငွေကြေးမြောက်မြားစွာအကုန်အကျ ခံကာဆောက်လုပ်ထားသော တိုက်နယ်ဆေးရုံတစ်ခုဖြစ်ပါတယ်။ ဤတိုက်နယ်ဆေးရုံဝင်းအတွင်း တိုက်နယ်ဆရာဝန်နေအိမ်တစ်လုံး၊ သူနာပြုဆရာမနေအိမ်တစ်လုံးနှင့် ကျန်းမာရေးဝန်ထမ်းများ နေထိုင်ရန် တန်းလျားဆောင်တစ်ဆောင်တို့ကို ဒေသ၏အနေအထားနှင့်အဆင်ပြေအောင် ကိုယ့်အား ကိုယ်ကိုးဆောက်လုပ်ပေးခဲ့ရာ ယခုအခါနှစ်ပေါင်း ၄၀ ကျော်ကြာမြင့်နေပြီဖြစ်သဖြင့် နေအိမ် အဆောက်အဦများ ဟောင်းနွမ်းပျက်စီးနေပြီဖြစ်ပါတယ်။ အခြားသောဒေသများတွင် နိုင်ငံတော်က ချပေးသည့်ဘဏ္ဍာငွေဖြင့် တိုက်နယ်ဆေးရုံနှင့် ကျန်းမာရေးဝန်ထမ်းများနေအိမ်ပြီးပြည့်စုံ၍ ပြည်သူ များအနေဖြင့် ပူပန်စရာမလိုသော်လည်း လေးတောင်တိုက်နယ်ဆေးရုံအဆောက်အဦကောင်းမွန်ရေး၊ ဆရာဝန်၊ ဆရာများနှင့် ကျန်းမာရေးဝန်ထမ်းများနေထိုင်ရေးအဆင်ပြေစေရေးအတွက် လေးတောင် တိုက်နယ် ပြည်သူလူထုမှာ ယခုထက်တိုင်ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်နေရပါသဖြင့် လေးတောင် တိုက်နယ်ဆေးရုံနှင့်ပတ်သက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအား အောက်ပါမေးခွန်းများကို မေးမြန်းလိုပါတယ်။ (၁) လေးတောင်တိုက်နယ်ဆေးရုံအတွက် ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများ အဆင်ပြေစွာနေထိုင်နိုင်ရန် နေအိမ်အဆောက်အဦများကို ဆောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောက်လုပ်ပေးမည်၊ အစီအစဉ်မရှိပါက မည်သည့်အတွက် ကြောင့်ဖြစ်သည်ကို သိရှိလိုပါတယ်။ (၂) ကတော့ လေးတောင်တိုက်နယ်ဆေးရုံအား ပိုမိုကောင်းမွန် သော အုတ်တံတိုင်းကာရံပေးရန်အစီအစဉ်ရှိ/မရှိကို သိရှိလိုပါသဖြင့် မဲဆန္ဒရှင်ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါ တယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ ခင်ဗျား။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ဦးကျော်ရွှေရဲ့မေးခွန်း ဖြစ်သော ရမ်းဗြဲမြို့နယ်၊ လေးတောင်တိုက်နယ်ဆေးရုံအတွက် ဆရာဝန်နှင့်ကျန်းမာရေးဝန်ထမ်းများ အဆင်ပြေစွာနေထိုင်နိုင်ရန် နေအိမ်အဆောက်အဦများ ဆောက်လုပ်ရန်အစီအစဉ်ရှိ/မရှိနှင့် လေးတောင်တိုက်နယ်ဆေးရုံ ပိုမိုကောင်းမွန်သော အုတ်တံတိုင်းကာရံပေးရေးကိစ္စနှင့် ပြန်လည် ဖြေကြားမှာ ဖြစ်ပါတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနအနေနဲ့ လေးတောင်တိုက်နယ်ဆေးရုံအတွက် ဆရာဝန်နှင့်ကျန်းမာရေးဝန်ထမ်းများ အဆင်ပြေစွာနေထိုင်ရန် အတွက် နှစ်ခန်းတွဲဆရာဝန်နေအိမ်တစ်လုံး၊ လေးခန်းတွဲသူနာပြုအိမ်တစ်လုံး၊ လေးခန်းတွဲဝန်ထမ်း နေအိမ်တစ်လုံး၊ မျက်နှာစာအုတ်တံတိုင်းခြံစည်းရိုး ခန့်မှန်းပေအရှည် ၄၀၀ ခန့်၊ ကျန်သုံးဘက်အတွက် ချိန်းလင့်ခြံစည်းရိုးကာရံပေးတဲ့အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ထည့်သွင်းရေးဆွဲထားပြီး ဖြစ်ပါတယ်။ ဒီဟာကို ကျွန်တော်တို့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ကိုတင်လို့ ပိုက်ဆံရတာနဲ့ တစ်ပြိုင်တည်း အမြန်ဆုံးဆောက်လုပ်ပေးမည်ဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အတွက် မေးခွန်းများ မေးမြန်း ခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ မေးခွန်းများ ဖြေကြားပြီးတဲ့ ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဒေါက်တာမောင်သင်း၊ မိတ္ထီလာမဲဆန္ဒနယ်က တင်သွင်းသည့် တိုင်းရင်းသားလူမျိုးတစ်မျိုးချင်းစီ၏ စံပြုကိုးကားနိုင်သည့် ဒီအင်အေမျိုးရိုးဗီဇ ဖွဲ့စည်းမှုမှတ်တမ်း ဆောင်ရွက်ထားရှိရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာဦးမောင်သင်း၊ မိတ္ထီလာ မဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့ (၁၀- ၈-၂၀၁၇ ရက်နေ့)တွင် တင်သွင်းတဲ့ တိုင်းရင်းသားလူမျိုးတစ်မျိုးချင်းစီ၏ စံပြုကိုးကားနိုင်သည့်

ဒီအင်အေမျိုးရိုးဗီဇ ဖွဲ့စည်းမှုမှတ်တမ်း ဆောင်ရွက်ထားရှိရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမည့် ကိုယ်စားလှယ် ခြောက်ဦးရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဖာပွန်မဲဆန္ဒနယ်က ဦးစောထွန်းမြအောင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစောထွန်းမြအောင်(ဖာပွန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများကို မင်္ဂလာပါလို့ ဦးစွာဂါရဝပြုနှုတ်ဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ ဖာပွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေါက်တာမောင်သင်းအဆိုနှင့်ပတ်သက်ပြီး မျိုးရိုးဗီဇအကြောင်းကို အချက်သုံးချက်နဲ့ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ပထမအချက်ကတော့ မြန်မာနိုင်ငံမှာ မျိုးနွယ်စုရှစ်မျိုး ကချင်၊ ကယား၊ ကရင်၊ မွန်၊ ဗမာ၊ ရခိုင်၊ ချင်း၊ ရှမ်းစတဲ့ မျိုးနွယ်စုရှစ်မျိုးထဲကနေပြီးတော့ လူမျိုးစု ၁၃၅ မျိုးရှိပါတယ်။ ရှစ်အုပ်စုမှာ ဒီအင်အေမတူနိုင်ပါဘူး။ နီးစပ်မှု၊ ဆက်သွယ်မှု၊ တွေ့ထိမှုရှိနိုင်ပါတယ်။ အဆိုရှင်ရဲ့ စံပြုမှတ်တမ်း ဒီအင်အေထွက်လာပြီးရင်တော့ သိရှိနိုင်ပါလိမ့်မယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအချက်အနေနဲ့ကတော့ ဒီအင်အေသုတေသနမှတ်တမ်းအရ ကျွန်တော်တို့နိုင်ငံ အနောက်မှာရှိတဲ့ အိမ်နီးနားချင်းနိုင်ငံဖြစ်တဲ့ အိန္ဒိယ၊ ပါကစ္စတန်မှာရှိတဲ့ လူမျိုးများနဲ့လည်း ကျွန်တော်တို့ တိုင်းရင်းသား ၁၃၅ မျိုးဟာ ဒီအင်အေမတူပါဘူး။ အဲဒီမှာရှိတဲ့ လူမျိုးများနှင့် အရှေ့တောင်အာရှမှာရှိတဲ့၊ နိုင်ငံများရှိတဲ့လူမျိုးများနှင့်လည်း ဒီအင်အေမတူနိုင်ကြောင်းကို ကျွန်တော်တို့ လေ့လာဖတ်ဖူးခဲ့ပါတယ်။ ဒီသုတေသနမှန်ကန်ကြောင်းကို အဆိုရှင်ရဲ့ တိုင်းရင်းသား ၁၃၅ မျိုးရဲ့ စံပြကိုးကားနိုင်သော ဒီအင်အေမှတ်တမ်းပေါ်ပေါက်လာရင် လုံးဝဆက်သွယ်မှုမရှိကြောင်းကို သက်သေပြနိုင်ပါလိမ့်မယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယအချက်အနေနဲ့ကတော့ ယခင်သမ္မတကြီး ဦးသိန်းစိန်နဲ့ လက်ရှိဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့က တိုင်းရင်းသား ၁၃၅ မျိုးထဲမှာ ရိုဟင်ဂျာ မပါဘူးဆိုတာကို ကမ္ဘာကိုကြေညာခဲ့ပါတယ်။ သမိုင်းအခြေခံအထောက်အထားနဲ့လည်း ကိုးကားပြီးတော့တင်ပြခဲ့ဘူးပါတယ်။ ယခုဆိုရင် ဒီအင်အေမှတ်တမ်းပေါ်ပေါက်လာရင် ယခုနိုင်ငံခြားမှာ သူတို့ကိုသူတို့ ရိုဟင်ဂျာလို့ ခေါ်တဲ့သူဟာ ကျွန်တော်တို့တိုင်းရင်းသားများ မဟုတ်ကြောင်းနှင့် ယခုခေတ်မီ

နည်းပညာနှင့်ဖော်ထုတ်မှုကို ယခင်ဦးသိန်းစိန်နှင့် လက်ရှိဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့ရဲ့ ပြောကြားချက်ကို ထောက်ခံလာပါလိမ့်မယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါအချက်သုံးချက်အပြင် နိုင်ငံခြားသားနှင့် တိုင်းရင်းသားသွေးနှောမှု၊ တိုင်းရင်းသားအချင်းချင်းသွေးနှောမှု ဒီအင်အေမှတ်တမ်းများကိုလည်း ထားရှိနိုင်မှာဖြစ်ပါတယ်။ ၎င်းအပြင် ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှုဥပဒေကို အထောက်အကူပြုမယ်လို့လည်း ယူဆပါတယ်။ ဒါကြောင့်မို့လို့ အဆိုရှင် ဒေါက်တာမောင်သင်း၊ မိတ္ထီလာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တင်သွင်းသော တိုင်းရင်းသားလူမျိုးတစ်မျိုးချင်းစီ၏ စံပြုကိုးကားနိုင်သည့် ဒီအင်အေမှတ်တမ်းထားရှိရန်အဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင့်မြင့် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမောင့်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော် မင်းကင်းမဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ် ဦးမောင့်မြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေါက်တာမောင်သင်း တင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါရန်အတွက် တင်ပြအပ်ပါတယ်။ ပထမဆုံးတင်ပြချင်တာကတော့ လွှတ်တော်ထဲမှာ ဒေါက်တာမောင်သင်းလို ပညာရှင်တစ်ယောက်ပါလာတာဟာ ကျွန်တော်တို့အတွက် အင်မတန်ကံကောင်းပါတယ်။ နိုင်ငံရဲ့ အကြီးအကဲဟောင်းတစ်ယောက်က ဖိုးသူညတွေနဲ့ နိုင်ငံကိုတည်ဆောက်လို့မရဘူးလို့ ပြောတာတကယ်မှန်ပါတယ်။ ပညာရှင်တစ်ယောက်ဖြစ်တဲ့ ဒေါက်တာမောင်သင်း တင်သွင်းတဲ့အဆိုဟာ နိုင်ငံတော်ရဲ့ လိုအပ်ချက်တစ်ရပ်ကို မီးမောင်းထိုးပြလိုက်ခြင်းဖြစ်တယ်ဆိုတာ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို သိစေလိုပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံလို နိုင်ငံသားဖြစ်မှုနဲ့ တိုင်းရင်းသားဖြစ်မှု ပြဿနာထောင်ချောက်ထဲမှာ ကျရောက်နေတဲ့ နိုင်ငံတစ်နိုင်ငံအတွက် ဒီကိစ္စတွေကို သမိုင်းကြောင်းအရ Defend လုပ်ရတာ။ အမျိုးသားရေးအရ Defend တစ်ဖက်လုပ်ရတာတွေအပြင် ယခုလိုခေတ်မီတဲ့ Short Tandem Repeat အတိုကောက် အားဖြင့် STR နည်းပညာကိုအသုံးချပြီးတော့မှ Defend လုပ်ဖို့ လုံးဝလိုအပ်နေချိန်လည်း ဖြစ်ပါတယ်။ STR နည်းပညာနဲ့ ဒီအင်အေမှတ်တမ်းထားရှိပြီးဖြစ်တဲ့ နိုင်ငံတွေထဲမှာ အိမ်နီးချင်းဖြစ်တဲ့ တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်းနိုင်ငံအပြင် အာဆီယံထဲမှာလည်း ဗီယက်နမ်၊ မလေးရှား၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ ထိုင်းနှင့်အာရှမှာတော့ သီရိလင်္ကာ၊ ထိုင်ဝမ်၊ နီပေါ၊ ကိုရီးယား၊ ဂျပန်နဲ့ ပါကစ္စတန်တို့တောင်မှ ဆောင်ရွက်ပြီးဖြစ်တယ်ဆိုတာ

သိရတော့ ကျွန်တော်တို့ နောက်ကျနေပြီဆိုတာ သိတာထင်ရှားနေပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့မှ ဦးစီးအရာရှိတစ်ဦးဖြစ်တဲ့ ဒေါ်ကေသီဝမ်ဆိုသူက လွန်ခဲ့တဲ့ ၁၇ နှစ် ၂၀၀၀ ပြည့်နှစ်က ဒီအင်အေ Finger Printing သုတေသနစီမံချက်ကို လဝကကိုတင်ပြခဲ့ကြောင်းသိရပေမဲ့ အကောင်အထည်မဖော်နိုင်ခဲ့တာဟာလည်း ဝမ်းနည်းစရာကောင်းပါတယ်။ ဒါကြောင့် ကျွန်တော်တို့ကာလမှာ အတိတ်ကမှားခဲ့တာတွေ ထပ်မမှားဖို့နဲ့ အတိတ်ကအကောင်အထည်မဖော်နိုင်ပေမဲ့ နိုင်ငံအတွက် အမှန်တကယ် အကျိုးရှိမည့်ကိစ္စတွေကို တွေဝေမှုမရှိဘဲနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ဖို့လိုကြောင်း အလေးအနက်ထား တင်ပြလိုပါတယ်။ ဒီ Project ကို ဆောင်ရွက်မယ်ဆိုလို့ရှိရင် အဓိကလိုအပ်တဲ့အချက်တွေရှိပါတယ်။ သိမြင်သမျှကတော့ (၁)က Political Will ပါအရေးကြီးဆုံးပဲ ဖြစ်ပါတယ်။ (၂)ကတော့ အခြေအနေနှင့်အချိန်အခါပါ။ ဒါကရှင်းပါတယ်။ ဒီလိုအချိန်မျိုးမှာမှ မလုပ် ရင် ဘယ်အချိန်မှာလုပ်မလဲဆိုတာကို ကျွန်တော်မေးချင်ပါတယ်။ ဒါဆိုရင် ယခင်က ဘာကြောင့်မလုပ်ခဲ့တာလဲလို့လည်း မေးစရာရှိပါသေးတယ်။ ဒါကရှင်းပါတယ်။ ဒေါက်တာမောင်သင်းလို ပညာရှင်ရဲ့ ယခုလိုတင်ပြချက်မျိုး လွှတ်တော်နဲ့အစိုးရက မသိရှိခဲ့လို့ဘဲဖြစ်ပါတယ်။ (၃)ကတော့ ဘဏ္ဍာငွေကြေးပါ။ ထိုက်သင့်တဲ့ ကုန်ကျစရိတ်ရှိပါတယ်။ ဒါပေမဲ့ သိပ်အများကြီးလည်း မဟုတ်ပါဘူး။ စက်ပစ္စည်းနဲ့ Chemical Reagent ဝယ်ယူဖို့အတွက် မြန်မာကျပ်ငွေ သန်း ၆၀၀ ကနေပြီးတော့မှ သန်း ၁၀၀၀ အထိ ကုန်ကျနိုင်တဲ့ ငွေကြေးလိုပါတယ်။ ခြိုးခြံလို့ရတဲ့ နေရာမှာခြိုးခြံပြီးတော့မှ သုံးစွဲမယ်ဆိုလို့ရှိရင် ဒီငွေကြေးဟာ အသာလေးထွက်လာမှာဖြစ်ပါတယ်။ (၄)ကတော့ ပညာရှင်ပဲဖြစ်ပါတယ်။ တတ်ကျွမ်းတဲ့ ပညာရှင်တွေဟာ အရပ်ဘက်နဲ့စစ်ဘက်မှာ လုံလုံလောက်လောက် ရှိကြပြီးဖြစ်ပါတယ်။ (၅)ကတော့ Project ကြာမြင့်ကာလပဲ ဖြစ်ပါတယ်။ Short Tandem Repeat ကိုဆောင်ရွက်မယ်ဆိုလို့ရှိရင် နည်းလမ်းနှစ်ခုရှိတဲ့အနက်မှ Polymer Limed gel Electrophoresis တွေနဲ့ဆောင်ရွက်မယ်ဆိုလို့ရှိရင် ခြောက်လပဲကြာပါတယ်။ ဒုတိယနည်းဖြစ်တဲ့ Capillary Electrophoresis နဲ့ဆောင်ရွက်မယ်ဆိုရင်တော့ တစ်နှစ်ကြာပါတယ်။ ဒါပေမဲ့ အဲဒီဒုတိယနည်းက နိုင်ငံတကာကပိုပြီးတော့မှ လက်ခံကြတဲ့အတွက် သုံးသင့်တယ်ဆိုတာကိုလည်း တင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ အကောင်အထည်ဖော်မယ်ဆိုရင် ဒီအစိုးရကာလမှာပဲ အပြီးသတ်ဆောင်ရွက်နိုင်မည့် စီမံကိန်းတစ်ခုဖြစ်ပါတယ်။ (၆)ကတော့ Benefit and Cost Electrophoresis ဖြစ်ပါတယ်။ ရရှိနိုင်တဲ့အကျိုးကျေးဇူးတွေကတော့ တိုင်းရင်းသားတွေရဲ့ မျိုးရိုးဗီဇသွေးနီးစပ်မှုကို သိနိုင်ပါတယ်။ မြန်မာတိုင်းရင်းသား ဟုတ်/မဟုတ်ကိုလည်း စိစစ်နိုင်ပါတယ်။ လဝကကိုလည်း သိပ္ပံနည်းကျအထောက်အကူပြုနိုင်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ သမိုင်းအစကိုလည်း တိတိကျကျ ဖော်ထုတ်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိနဲ့ အနာဂတ်အတွက်

**မူကြမ်း**

သာမကဘဲနဲ့ အတိတ်သမိုင်းကိုပါ တိတိကျကျဖော်ထုတ်နိုင်မည့် နည်းလမ်းတစ်ခုဖြစ်လို့ တန်ဖိုးမဖြတ်နိုင်တဲ့ကိစ္စလည်းဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံတိုးတက်ဖို့အတွက်ဆိုရင်တော့ Institution တွေ ခိုင်မာဖို့လိုသလို Infrastructure လည်း တောင့်တင်းဖို့လိုပါတယ်။ တစ်နည်းအားဖြင့်တော့ Soft Power နဲ့ Hard Power အားကောင်းဖို့လိုပါတယ်။ အခု လွှတ်တော်မှာဆွေးနွေးနေတဲ့ ဒေါက်တာမောင်သင်းရဲ့ အဆိုဖြစ်တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းမှာရှိတဲ့ တိုင်းရင်းသားလူမျိုးတစ်မျိုးချင်းစီရဲ့ စံပြုကိုးကားနိုင်တဲ့ ဒီအင်အေမျိုးရိုးဗီဇဖွဲ့စည်းမှုမှတ်တမ်း ဆောင်ရွက်ထားရှိရန်ဆိုတဲ့အချက်ဟာ တိုင်းပြည်အတွက် Hard Power လို့ပြောလို့ရသလို တစ်နည်းအားဖြင့်လည်း Soft Power လို့လည်း ပြောနိုင်ပါသေးတယ်။ ဒါကြောင့် နိဂုံးချုပ်အားဖြင့် STR နည်းပညာဟာ နိုင်ငံနှင့်တိုင်းရင်းသားလူမျိုးတွေအတွက် ခုခံရေးတံတိုင်းကြီးတစ်ခုလည်း ဖြစ်ပါတယ်။ STR နည်းပညာမှာ ကျွန်တော်တို့ နောက်ကျနေတာကို အမီလိုက်ဖို့လိုနေပါပြီ။ ဗိုလ်ချုပ်အောင်ဆန်းပြောသလို သူများတွေတစ်လှမ်းနှစ်လှမ်းလှမ်းတဲ့အချိန်မှာ ကျွန်တော်တို့က လေး၊ ငါး၊ ခြောက်လှမ်းလှမ်းနိုင်မှ တန်ခါကျမယ်။ ဒီလိုမှ မဟုတ်ရင်တော့ ဟိုလူ့ကိုမျက်နှာချိုသွေးရ၊ ဒီလူ့ကိုမျက်နှာချိုသွေးရနဲ့ ဟိုနိုင်ငံလိုဖြစ်သွားရမယ်ဆိုတာမျိုးလည်း အိမ်နီးချင်းနိုင်ငံတွေကို မျက်နှာချိုသွေးနေရတဲ့ဘဝကို မရောက်စေဖို့အတွက် Leap Frogging နဲ့လိုက်ဖို့လိုနေပြီဆိုတာ သိသာထင်ရှားပါတယ်။ ဒါကြောင့် STR နည်းပညာအသုံးချမယ့် ဒေါက်တာမောင်သင်းရဲ့အဆိုကို ကျွန်တော့်အနေနဲ့ လေးလေးနက်နက်ထောက်ခံပါကြောင်း တင်ပြရင်းနိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဖြစ်ပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အဆိုရှင်ရဲ့အဆိုကို အချက်(၅)ချက်နဲ့ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပထမအချက်အနေနဲ့ အဆိုရှင်ရဲ့အဆိုဟာ နိုင်ငံနှင့်တိုင်းရင်းသားများကို ခေတ်မီနည်းပညာနှင့် ကာကွယ်သွားရန် တိုက်တွန်းထားခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ဆီမှာ ခေတ်မီနည်းပညာနဲ့ နိုင်ငံရဲ့ပင်လယ်ရေပိုင်နက်နယ်နိမိတ် မိုင် ၂၀၀ အထိ တရားဝင်ချဲ့ထွင်နိုင်ခဲ့တဲ့ သာဓကတွေရှိခဲ့ပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ပင်လယ်နယ်နိမိတ်အငြင်းပွားမှုကို ဂျာမနီနိုင်ငံ၊ ဟန်ဗာမြို့ နိုင်ငံတကာရေပိုင်နက်ခုံရုံးက ကျွန်တော်တို့ကို ၂၀၁၁ ခုနှစ်မှာ အနိုင်ပေးခဲ့တာဟာ အားလုံးသိပြီးဖြစ်ပါတယ်။ အဲဒီမှာအနိုင်ရခဲ့တဲ့အကြောင်းအရင်းက မြန်မာ-ဘူမိဗေဒပညာရှင်တွေ

ရဲ့ မြန်မာ့ရေပိုင်နက်ကြမ်းပြင်ဟာ မြန်မာ့ကုန်းပိုင်းနက်နဲ့တစ်ထပ်တည်းရှိနေပါတယ်ဆိုတဲ့အကြောင်း သက်သေပြနိုင်ခဲ့လို့ပါပဲ။ တပ်မတော်အစိုးရလက်ထက်ကစပြီး သမ္မတဦးသိန်းစိန် လက်ထက်မှာ အနောက်ဘက် မြန်မာရေပြင်ပိုင်နက်တိုးချဲ့သတ်မှတ်နိုင်ခဲ့တဲ့ ကျွန်တော်တို့ရဲ့နိုင်ငံတွင်းကို လူဦးရေ ပေါက်ကွဲနေတဲ့အိမ်နီးချင်းနိုင်ငံသုံးခုက အရှိန်အဟုန်ဖြင့်စိမ့်ဝင်လာနိုင်မည့်အရေးကို ယခု အမိမျိုးရိုး၊ အဖမျိုးရိုးနှင့် မိဘမျိုးရိုးကိုသိနိုင်သည့် Short Tandem Repeat(STR)လို့ခေါ်တဲ့နည်းလမ်းကို အသုံးပြုပြီး၊ စိစစ်ပြီးတော့ ဒီအင်အေမျိုးရိုးဗီဇမှတ်တမ်းဖြင့်စိစစ်ပြီး ကာကွယ်ထားရန်လိုအပ်ပြီလို့ အဆိုရှင် ကတင်ပြသွားတာဖြစ်ပါတယ်။ ဒုတိယအချက်အနေနဲ့ ယနေ့ကျွန်တော်တို့နိုင်ငံမှာ တိုင်းရင်း သားလူမျိုး ၁၃၅ မျိုးရှိတယ်လို့ တရားဝင်ထုတ်ပြန်ထားပါတယ်။ သို့သော်လည်းပဲ ၂၀၁၄ ခုနှစ်၊ မြန်မာနိုင်ငံလူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူတဲ့အခါမှာ တိုင်းရင်းသား မျိုးနွယ်စုပေါင်း ၃၅ မျိုးထက် အတော်များများကျော်နေကြောင်း လူမှုကွန်ယက်သတင်းများအရ သိရှိရ ပါတယ်။ ယခုအဆိုရှင်ရဲ့တိုင်းရင်းသားလူမျိုး တစ်မျိုးချင်းစီရဲ့ စံပြုကိုးကားနိုင်တဲ့ ဒီအင်အေမျိုးရိုးဗီဇ ဖွဲ့စည်းပုံ မှတ်တမ်းဆောင်ရွက်ပြီးစီးသွားလို့ရှိရင် တိုင်းရင်းသား ၁၃၅ မျိုးထက် ကျော်နေသည် ဟူသော လူမျိုးစုများ၏ကိစ္စကိုလည်း ကွဲကွဲပြားပြားရေပါဆိုသလို ဖြေရှင်းသွားနိုင်မှာဖြစ်ပါတယ်။ တတိယ အချက်အနေနဲ့ကတော့ ဒီစီမံချက်ကိုလုပ်ရင် ငွေကုန်ကြေးကျမှုနှင့်ပတ်သက်ပြီး ဆွေးနွေးလိုတာက ခေတ်မီစက်ပညာဝယ်ရင် ဒေါ်လာသုံးသိန်းကျော်ဆိုတော့ သိန်းလေးထောင်ပတ်ဝန်းကျင်လောက် ရှိပါတယ်။ အမျိုးသားရေးအတွက်ဖြစ်တာမို့ ဝန်ကြီးဌာနတစ်ခုကို သိန်းနှစ်ရာလောက်သာချွေတာခဲ့ရင် ဖြစ်နိုင်ပါတယ်။ ပြီးတော့နှစ်စဉ် ဓာတုဗေဒဆေးဝါးအတွက် ဒေါ်လာတစ်သိန်းဆိုတော့ ဝန်ကြီးဌာန တစ်ခုကို ကျပ်သိန်း ၅၀ လောက်လျှော့သုံးမယ်ဆိုရင်လည်း ဖြစ်နိုင်ပါတယ်။ ဒါမှမဟုတ်လို့ရှိရင် မြန်မာနိုင်ငံသားများ နှစ်စဉ်သုံးနေတဲ့၊ တယ်လီဖုန်းဘေလ်မှာရရှိတဲ့ အခွန်ရငွေဟာ ယမန်နှစ်က ခုနစ်ဘီလီယံလောက် ရတယ်လို့သိရပါတယ်။ အဲဒီထဲမှာ ၀.၅ ဘီလီယံလောက်ကို အမျိုးသား ရေရှည်အကျိုးစီးပွားအတွက် ခွဲဝေသုံးစွဲမယ်ဆိုရင် ဖြစ်နိုင်တာမို့ ဘတ်ဂျက်ကြောင့်ဟုဆိုပြီးတော့ ရေရှည်နိုင်ငံကို ပညာရပ်ဖြင့် ကာကွယ်သည့်လုပ်ငန်းကိုတော့ မလုပ်ဘဲမထားသင့်လို့ မြင်မိပါတယ်။ စတုတ္ထအချက်အနေနဲ့ လူမှုကွန်ယက်တွေမှာ ပေါ်ပေါက်နေတဲ့ မှတ်ပုံတင်ပဲပြီးအောင်ထုတ်ပေးပါဦး ကျန်တာတွေစိတ်ကူးမယဉ်ပါနဲ့ဆိုတာကိုလည်း ဆွေးနွေးချင်ပါတယ်။ ယခုလုပ်ငန်းက နံပါတ်(၁) မွေးရာပါအခွင့်အရေးရှိနေသော တိုင်းရင်းသားတစ်ဦးချင်းကို ဒီအင်အေစစ်ဆေးပြီးမှ မှတ်ပုံတင် ထုတ်ပေးရမယ့်လုပ်ငန်းမဟုတ်ပါဘူး။ နံပါတ်(၂)အနေနဲ့ ယနေ့ပုံမှန်ဆောင်ရွက်နေတဲ့၊ မှတ်ပုံတင် ထုတ်ပေးနေတဲ့ လ.ဝ.ကဝန်ထမ်းများကလည်း လုပ်ပေးရမယ့်လုပ်ငန်းလည်းမဟုတ်ပါဘူး။

ဒါကြောင့်မို့လို့ ယနေ့ဆောင်ရွက်နေတဲ့မှတ်ပုံတင် ထုတ်ပေးသောလုပ်ငန်းကိုလည်း လုံးဝမထိခိုက်နိုင်ပါဘူး။ နံပါတ်(၃)ကတော့ ပညာရှင် ၁၀ ဦးကနေ ၂၀ ဦးခန့်သာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါတယ်။ နံပါတ်(၄)ကတော့ ယနေ့အထိ ဘိုးစဉ်ဘောင်ဆက်အေးအတူပူအမျှနေထိုင်ခဲ့တဲ့တိုင်းရင်းသားများရဲ့မွေးရာပါနိုင်ငံသားဖြစ်မှုအခွင့်အရေးကိုလည်း လုံးဝမထိခိုက်နိုင်ပါဘူး။ မွေးရာပါအခွင့်အရေးကို ပိုမိုအထောက်အကူပြုမယ့်လုပ်ငန်းစဉ် တစ်ရပ်ဖြစ်ပါတယ်။ နံပါတ်(၅)ကတော့ ပြည်ပမှတရားမဝင်ဝင်ရောက်လာတဲ့ နိုင်ငံခြားသားများကို ထိထိရောက်ရောက်စိစစ်တဲ့ နေရာမှာ ထိထိမိမိအသုံးတည့်မယ့်လုပ်ငန်းဖြစ်တဲ့အတွက်ကြောင့် အဲဒီလူများအတွက်ဆိုရင်တော့ လုံးဝနိုင်ငံသားဖြစ်နိုင်ခြေအလွန်နည်းပါးနေတဲ့အတွက်ကြောင့် ဖျက်လိုဖျက်စီးလုပ်ချင်၍ ယခုလုပ်ငန်းကို စိတ်ကူးမယဉ်ပါနဲ့လို့ဆိုပြီး တိုက်ခိုက်နေခြင်းလို့ပဲ ကျွန်တော့်အနေနဲ့ မြင်မိပါတယ်။ ပဉ္စမအချက်အနေနဲ့ကတော့ ကျွန်တော်တို့ပတ်ဝန်းကျင်မှာပြောနေတဲ့စကားတစ်ခုရှိပါတယ်။ တရုတ်ကဖိရှမ်းကအိမချိဗမာ အနောက်မှာတဲ့ မြန်မာနိုင်ငံရဲ့အရှေ့ဘက်ခြမ်းကို လူဦးရေများတဲ့နိုင်ငံက လူစီးဝင်မှုကို လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀ လောက်ကတည်းက သတိပေးခဲ့တဲ့စကားတစ်ရပ်ဖြစ်ပါတယ်။ ဒါပေမဲ့လို့ ကျွန်တော်တို့ သတိပြုမှုအားနည်းခဲ့ပါတယ်။ ထို့အတူ လူဦးရေပေါက်ကွဲနေတဲ့အနောက်ဘက်ကလည်း ယခုလို လူတွေအစုလိုက်အပြုံလိုက်စီးဝင်လာပါက အရင်ဆုံးဖိခံရပြီး အိခံရမှာကတော့ ရခိုင်လူမျိုးစုပဲဖြစ်ပါတယ်။ နောက်ဆုံးမချိဗမာ ဘယ်သွားနေရမလဲဆိုတဲ့ အဲဒီလိုအခြေအနေမျိုးရောက်ရင်တော့ ယခင်က ပထဝီမြေမှာ အင်ဒိုချိုင်းနားကျွန်းဆွယ်သာရှိခဲ့ပြီးတော့ နောင်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုတာ ပျောက်ကွယ်ပြီး အင်ဒိုချိုင်းနားနိုင်ငံတော်အသစ် သို့မဟုတ် အာဖဂန်နစ္စတန်ကဲ့သို့ မူလဘာသာတရားများ ပျောက်ကွယ်သွားမယ့်နိုင်ငံသစ်တစ်ခု ဖြစ်ထွန်းလာမယ့်အရေးကို အဆိုရှင်က အလွန့်အလွန်စိုးရိမ်တဲ့အတွက်ကြောင့် ခေတ်မီ STR နည်းပညာနဲ့ နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် တိုင်းရင်းသားလူမျိုးများ ပျောက်ကွယ်မည့်ရေးကို ကြိုတင်ကာကွယ်သွားရန်ဟူတဲ့ ယနေ့ရောအနာဂတ်အတွက်ပါ အရေးကြီးတဲ့ အမျိုးသားလုံခြုံရေးကိစ္စကို မဖြစ်မနေဆောင်ရွက်သင့်ပါကြောင်း လေးလေးနက်နက်ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာအောင်ခင်(ပြင်ဦးလွင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်က ပြင်ဦးလွင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဒေါက်တာအောင်ခင်ဖြစ်ပါတယ်။ ဒေါက်တာမောင်သင်းရဲ့ ဒီအင်အေမှတ်တမ်းတင်ဆောင်ရွက်ထားရှိရန်အဆိုကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ခန္ဓာကိုယ်အစိတ်အပိုင်းတွေကို အလုပ်လုပ်ဖို့ရာအတွက် Body System တွေရှိပါတယ်။ Body System တွေနဲ့အတူ Organs ဆိုတာရှိပါတယ်။ Organs မှာ Tissue တွေရှိတယ်။ Tissue ရဲ့ Functional Unit က Cell ပါ။ Cell ထဲမှာ Cytoplasm ရှိတယ်။ Cytoplasm ထဲမှာ Nucleous ရှိတယ်။ Nucleous ထဲမှာ မျိုးရိုးဗီဇရိုက်သွင်းတဲ့ဒီအင်အေခေါ်တဲ့ မုန့်ကြိုးလိမ်အက်ဆစ်မော်လီကျူး ရှိပါတယ်။ နျူးကလီးယက်အက်ဆစ်လို့ခေါ်ပါတယ်။ DNA။ ဥက္ကဋ္ဌကြီးခင်ဗျား။ အိမ်နီးနားချင်းနိုင်ငံတွေမှာတောင်မှ ဒီအင်အေနဲ့ မှတ်တမ်းတင်ထားနိုင်တဲ့နိုင်ငံ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ပါကစ္စတန်၊ စင်္ကာပူနဲ့ ကိုရီးယားနိုင်ငံတွေမှာတောင် လူမျိုးစုတစ်စုသာ မှတ်တမ်းတင်နိုင်ပါသေးတယ်။ မြန်မာနိုင်ငံမှာ တိုင်းရင်းသားလူမျိုးပေါင်းစုံ တရားဝင်သတ်မှတ်ထားတာ လူမျိုးစု ၁၃၅ မျိုးရှိတယ်ဆိုပေမဲ့လည်း နောက်ပိုင်းမှာ ဒီထက်ပိုနေတယ်လို့ ပြောကြပြန်တယ်။ လူမျိုးတွေဟာ နေရာဒေသစုံမှာ မကွဲမခြားမကွဲပြားဘဲ မိသားစုလိုနေထိုင်တာ တွေ့ရပါတယ်။ ပြီးတော့ လူမျိုးစုများက များပြားမြန်ဆန်နေတဲ့အတွက် Sample ယူရာမှာလည်း မှန်ကန်တဲ့ Sample ရဖို့ အလွန်ခက်ခဲနိုင်ပါတယ်။ Sample အယူမှားရင် Primary Sources က မှားနေတဲ့ အတွက် မှန်ကန်တဲ့ရလဒ်ထွက်လာနိုင်ပါ့မလား။ Sample ဆိုတာလည်း ကျွန်တော်တို့ Research တစ်ခုလုပ်တဲ့နေရာမှာ Sample Size က အရေးကြီးပါတယ်။ ဥပမာ လူတစ်သိန်းရှိတာကို ကျွန်တော်တို့က Sample ၁၅ ယောက်၊ အယောက် ၂၀ နဲ့လုပ်လို့မရပါဘူး။ အဲဒီမှာတင် ကျွန်တော်တို့ Result ကမှားသွားမှာပါ။ Standard Deviation တွေ ကျွန်တော်တို့က တွက်ရပါမယ်။ အဲဒီတော့ ရလာတဲ့ ဒီအင်အေရလဒ်ရဲ့ အတည်ပြုသတ်မှတ်ထားလိုက်ရင် နောင်တစ်ချိန်ချိန်မှာ မှန်ကန်တဲ့ နောက်တစ်မျိုး ပေါ်ပေါက်လာခဲ့သည်ရှိသော် အငြင်းပွားဖွယ်ရာဖြစ်ပေါ်လာပြီးတော့ ပိုမိုရှုပ်ထွေးမှုများဖြစ်လာနိုင်မလား။ ဒါ့အပြင် ဒါကို ဖြေရှင်းပေးနိုင်မယ့်ဥပဒေကြောင်းအရ အစီအမံများရောရှိနေပြီလား။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က ဒီအင်အေကို STR-Short Tandem Repeat နည်းပညာနဲ့သုံးမယ်လို့ဆိုပါတယ်။ STR လို့ခေါ်တဲ့ Micro Satellite နည်းပညာဆိုတာကတော့ ဒီအင်အေရဲ့ သတ်မှတ်ထားတဲ့အစိတ်အပိုင်း Nucleotide 2 to 13 ကြားမှာ လေ့လာတဲ့ပညာရပ် တစ်ခုဖြစ်သလို တိကျတဲ့ရလဒ်လည်းရပါတယ်။ သက်ရှိအများကြား ခွဲခြားတဲ့နေရာမှာ အသုံးပြုခဲ့တဲ့ ခေတ်မီနည်းပညာ တစ်ရပ်ဖြစ်ပါတယ်။ ဒီလို STR နည်းနဲ့ တိကျတဲ့ဒီအင်အေကို PCR လို့ခေါ်တဲ့ Polymerase Chain

Reaction နည်းနဲ့ပွားပြီးတော့ လေ့လာသုံးသပ်တဲ့အခါမှာ Forensic Analysis ရပါတယ်။ ဒီလိုလုပ်ရာမှာလည်း နည်းပညာ သုံးခုရှိပါတယ်။ DNA Finger Printing၊ DNA Testing၊ DNA Typing ဘယ်လိုနည်းနဲ့ပဲသုံးသုံး နောက်ဆုံးရတဲ့အချက်ကို သတ်မှတ်ပေးမှာကတော့ Sequence Compare Analyzing Software ပဲဖြစ်ပါတယ်။ အဆိုရှင်က မြန်မာနိုင်ငံမှာ သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်ဝန်းကျင်က  DNA Finger Printing Method ဖြင့် ဒီအင်အေမှတ်တမ်း စီမံချက်ရေးဆွဲခဲ့သော်လည်း ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိဘူးလို့ တင်ပြခဲ့ပါတယ်။ ၁၉၉၀ ခုနှစ်ဝန်းကျင်က ကျွန်တော်တို့ ဆေးတက္ကသိုလ်မှာလည်း တိုင်းရင်းသားများရဲ့ ABO Blood Grouping နဲ့ DNA လုပ်ဖို့ ဂျပန်နိုင်ငံကိုပို့ပြီး ကြိုးစားခဲ့ဖူးပါတယ်။ ယခင့်ယခင်အခါများကလည်း ABO Blood Grouping Research လုပ်ခဲ့ပါတယ်။ O Group ပိုင်ဆိုင်တဲ့သူကို Mongolia မျိုးနွယ်က ဆင်းသက်လာတယ်။ A Group ပိုင်ဆိုင်တဲ့သူကို Caucasian မျိုးနွယ်စုက ဆင်းသက်လာတယ်လို့ ကျွန်တော်တို့ ကောက်ချက်စွဲလိုက်တဲ့အခါမှာ အကျိုးကတော့ဘာလဲဆိုရင် အေးအတူပူအမျှ နေထိုင်လာတဲ့တိုင်းရင်းသားအချင်းချင်း Cost and  Benefit ဘယ်လောက်များ ရလိုက်သလဲ။ ဒါတွေလည်း စဉ်းစားဖို့လိုပါတယ်။ ဒီလိုလုပ်ငန်းစဉ်တွေကို ကျွန်တော်တို့အကောင်အထည်ဖော်မယ်ဆိုရင် နံပါတ်(၁) STR နည်းပညာနဲ့ ဒီအင်အေစစ်ဆေးဖို့ ကျွမ်းကျင်ပညာရှင်တွေ လုံလုံလောက်လောက်ရှိနေပြီလား။ DNA နဲ့ STR အတွက် စံကိုက်သုတေသနဓာတ်ခွဲခန်းတွေ အဆင်သင့်ဖြစ်ပြီးပြီလား။ ဖြစ်နိုင်ရဲ့လား။ နံပါတ်(၃) ၎င်းနှင့်ပတ်သက်တဲ့စက်ပစ္စည်းတွေ ပြည့်စုံလာမယ့်အခြေအနေရှိပြီလား။ လုပ်ငန်းစဉ် အစိတ်အပိုင်းအတွက် ဝယ်ထားတဲ့စက်ကိရိယာတွေရော ရှိကောင်းရှိနိုင်ပါတယ်။ Capillary Electrophoresis စက်တန်ဖိုးကတော့ အမေရိကန်ဒေါ်လာ ၃၃၀၀၀၀ တန်ဖိုးရှိတယ်လို့ ဆိုပါတယ်။ Chemical and Research Material လုံလောက်နိုင်ရဲ့လား။ လူတစ်ယောက်လုပ်မယ်ဆိုရင် Hundred Dollars ကုန်မယ်လို့ပြောပါတယ်။ နံပါတ်(၅)ကတော့ နောက်ဆုံး Analysis လုပ်မယ့် Software တစ်ခုက အဆင့်မီမီသုံးနိုင်ဖို့ရှိပြီလား။ Software မကောင်းရင် မှန်ကန်နိုင်ပါ့မလား။ ဒါတွေလည်း ကျွန်တော်တို့ စဉ်းစားဖို့လိုပါတယ်။ Research လုပ်တဲ့နေရာမှာ စောစောက ကျွန်တော် ပြောသွားလို့ Simple Size ကလည်း အရေးကြီးပါတယ်။ လူဦးရေသိန်းနဲ့သန်းနဲ့ရှိနေရင် ကျွန်တော်တို့က လူဦးရေကိုလုပ်နိုင်သလောက်လေးပဲ လုပ်မယ်ဆိုရင် အဲဒီ Research ကမှန်ကန်တယ်ပြောလို့ ပြောလို့မရပါဘူး။ Research ပါ။ Standard Deviation ကို စဉ်းစားရမှာပါ။ ဒါကြောင့် အဘက်ဘက်ကစဉ်းစားဖို့ လိုပါတယ်။ အဆောတလျင်နဲ့လုပ်ရင် ကျလို့ DNA Result Error တွေနဲ့ မှတ်တမ်းတင်မိမယ်ဆိုရင် ပိုမိုရှုပ်ထွေးလာနိုင်ပါတယ်။ နိဂုံးအနေနဲ့ပြောရမယ်ဆိုရင် နိုင်ငံတော်အနေရဲ့ Feasibility ကို

တိကျသေချာစွာပြင်ဆင်ပြီးမှ ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးရင်းနိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဝင်းမင်းထွန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးဝင်းမင်းထွန်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဝင်းမင်းထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့မိတ္ထီလာမဲဆန္ဒနယ်က ဒေါက်တာမောင်သင်း တင်သွင်းတဲ့အဆိုအား ထောက်ခံဆွေးနွေးသွားပါမယ်။ Power Point သုံးစွဲ ခွင့်ပြုနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လူသားမျိုးနွယ်စုသမိုင်းကြောင်းအထောက်အထားများကို လေ့လာရာမှာ ဘိုးဘေးဘီဘင်ဘက်မှ လက်ဆင့်ကမ်းသယ်ဆောင်လာသော မပြောင်းလဲနိုင်သည့် မျိုးရိုးဗီဇဖွဲ့စည်းမှု ပုံစံများကို လေ့လာခြင်းဟာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ သုတေသနစာတမ်းလေ့လာတွေ့ရှိချက်များ အရ လူမျိုးတစ်မျိုးစီမှာ ကိုယ်ပိုင်မျိုးရိုးဗီဇလက္ခဏာကို ပိုင်ဆိုင်ထားကြကြောင်း သိရှိရပါတယ်။ မျိုးရိုး ဗီဇဖွဲ့စည်းမှုပုံစံကိုလေ့လာရာမှာ Autosomal DNA, Y-Chromosome DNA, X-Chromosome DNA နဲ့ Mitochondrial DNA တို့အား လေ့လာခြင်းဟူ၍ ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ DNA ဆိုတာ သက်ရှိတို့ရဲ့ Cell အတွင်းမှာ စနစ်တကျသိမ်းဆည်းထားပြီး မျိုးဆက်တစ်ခုမှ နောက်မျိုးဆက် တစ်ခုသို့ လွှဲပြောင်းပေးအပ်နိုင်သည့် သတ္တလောကတည်မြဲရေးအတွက် အလွန်အရေးပါသော ဇီဝ၊ ဓာတု၊ မော်လီကျူး၊ Deoxyribo Nucleic Acid ပဲဖြစ်ပါတယ်။ Cell တစ်ခုရဲ့ Nucleus အတွင်းမှာ DNA စစ်တမ်းက Chromosome များဖြင့်စနစ်တကျ ကျစ်လျစ်စွာထုပ်ပိုးထားရှိပါတယ်။ ကမ္ဘာပေါ်ရှိလူသားများရဲ့ DNA စစ်တမ်းတွေကို နှိုင်းယှဉ်ရာမှာ ၉၉.၉ ရာခိုင်နှုန်းက ထပ်တူညီပြီး ၀.၁ ရာခိုင်နှုန်းသော Nucleotide Base Pairs များသာလျှင် ကွဲပြားခြားနားမှုရှိသည်ကို တွေ့ရှိရပါတယ်။ Monozygotic အမွှာများမှလွဲ၍ လူတစ်ဦးနှင့်တစ်ဦး ကွဲပြားခြားနားမှုကို ဖော်ထုတ်ရန် အဆိုပါ ၀.၁ ရာခိုင်နှုန်းသော ပမာဏဟာ လုံလောက်ပါတယ်။ ယင်းအပေါ်မှာအခြေခံပြီး DNA analysis Technology ကြီးများအား ဥပဒေရေးရာကိစ္စရပ်များမှာ အသုံးပြုလာကြပါတယ်။ အင်္ဂလန်နိုင်ငံမှာ ၁၉၉၄ ခုနှစ်နှင့် အမေရိကန်နိုင်ငံမှာ ၁၉၉၆ ခုနှစ်များမှာ National DNA Data Base များထားရှိကာ နိုင်ငံသားများ လုံခြုံရေးအတွက် လုပ်ဆောင်လာကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ခေတ်ကာလမှာ မျိုးရိုးဗီဇဖွဲ့စည်းမှုပုံစံလေ့လာခြင်းသုတေသနများ (DNA Profiling)လုပ်ဆောင်လိုက်၊ Autosomal DNA, Y-Chromosome DNAနဲ့ X-Chromosome DNA သုံးမျိုးတို့ရဲ့မတူညီမှုပုံစံ Short Tandem Repeat(STR Markers)များအား အများဆုံးလေ့လာလျက်ရှိပါတယ်။ STR Markers များစွာအား တစ်ပြိုင်နက် Typing ပြုလုပ်ခြင်းအားဖြင့် ခွဲခြားနိုင်စွမ်းပိုမိုရရှိလာမှာဖြစ်ပါတယ်။ အမေရိကန်နှင့် အခြားဥရောပနိုင်ငံတွေပါ ယခင်က 13 STR Loci အသုံးပြုခဲ့ရာမှ ၂၀၁၇ ခုနှစ်မှာ 20 STR Loci အထိ တိုးမြှင့်သတ်မှတ်ခဲ့ပါတယ်။ နိုင်ငံအလိုက်ကွာခြားမှုရှိပြီး ယနေ့ကမ္ဘာမှာ 24 STR Loci အထိ အသုံးပြုနေပြီဖြစ်ပါတယ်။ မိမိတို့နိုင်ငံအတွက်ဆိုပါက Mutation Rate မြင့်မားတဲ့ STR Markers 20 to 24 Loci အထိ သုံးရန်လိုအပ်ပြီး ယင်းကိုသိရှိနိုင်ရန်အတွက် တိုင်းရင်းသားအားလုံးရဲ့ STR Markers Genotype Frequencies, allele Frequencies များ ကြိုတင်ရယူထားသင့်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိအချိန်မှာ မြန်မာတိုင်းရင်းသားလူမျိုးတို့ရဲ့မျိုးရိုးဗီဇဖွဲ့စည်းမှု စံပြုကိုးကားမှုပုံစံ(Reference Data)ရရှိရန် အထူးလိုအပ်လှပါတယ်။ မြန်မာနိုင်ငံအနေနဲ့ မြန်မာတိုင်းရင်းသားလူမျိုးများရဲ့ Reference Data ကို သုတေသနပြုလုပ်ထားခြင်း မရှိသေးပါဘူး။ နိုင်ငံတကာမှာ Reference Data များကို ပြုစုလေ့လာထားကြောင်းတွေ့ရှိရပါတယ်။ မြန်မာတိုင်းရင်းသားလူမျိုးတို့ရဲ့မျိုးရိုးဗီဇဖွဲ့စည်းမှုပုံစံကို လေ့လာဖော်ထုတ်နိုင်မည်ဆိုပါက တိုင်းရင်းသားလူမျိုးများနဲ့ တိုင်းတစ်ပါးလူမျိုးများရဲ့မျိုးရိုးဗီဇဖွဲ့စည်းမှုပုံစံနှိုင်းယှဉ်ချက်(Genetic Distance) အား သိရှိနိုင်မည်ဖြစ်ပါတယ်။ Genetic Distance ကို နှိုင်းယှဉ်ရာမှာ အမိဘက်ရှိ Mitochondria DNA အား တိုင်းတာခြင်းဖြင့်လည်းကောင်း၊ အဖဘက်ရှိ Y-Chromosome DNA STR အား တိုင်းတာခြင်းဖြင့်လည်းကောင်း သိရှိနိုင်ပါတယ်။ အမိဘက်ရှိ မျိုးရိုးဗီဇဖွဲ့စည်းမှုပုံစံကို လေ့လာရတဲ့ Mitochondria DNA whole Genome Sequencing and Analysis ရော၊ မျိုးရိုးဗီဇခွဲခြမ်းစိတ်ဖြာလေ့လာခြင်းအဆင့်ကို မြန်မာနိုင်ငံမှာ မလုပ်ဆောင်နိုင်သေးပါဘူး။ အဖဘက်ရှိ မျိုးရိုးဗီဇဖွဲ့စည်းပုံလေ့လာရာ မိသားစုတစ်စုရဲ့အဖိုး သို့မဟုတ် အဖေ၊ သားတစ်ဦးဦးထံမှ Y-Chromosome DNA ရဲ့ STR Markers များကို လေ့လာနိုင်ရန် ၎င်းမိသားစုရဲ့အဖေ၊ ဘိုးဘေးစဉ်ဆက်ဆင်းသော လူမျိုး၊ တိုင်းရင်းသားမျိုးနွယ်စု ပြောင်းရွှေ့အခြေချနေထိုင်မှုတို့ကိုသိရှိနိုင်မှာပဲ ဖြစ်ပါတယ်။ ၎င်း STR Marker များကို မြန်မာနိုင်ငံမှာ လုပ်ဆောင်နေပြီဖြစ်ပါတယ်။ ပထမအဆင့်အနေနဲ့ လုပ်ဆောင်ရမယ့် မျိုးရိုးဗီဇထုတ်လုပ်ခြင်းအတွက် DNA Extraction, PCR, Gel Electrophoresis, Nano Spectrophotometer စတဲ့စက်ပစ္စည်းကိရိယာတွေက ကျွန်တော်တို့ တပ်မတော်ဆေးတက္ကသိုလ်မှာရှိနေပါပြီ။ ဒုတိယအဆင့်အနေနဲ့ ရရှိ

လာသော DNA အား ခွဲခြမ်းစိတ်ဖြာရာမှာအသုံးပြုတဲ့ Genetic Analyzer ဆေးသုတေသန (အောက်မြန်မာပြည်)ရန်ကုန်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ လက်အောက်ရှိ DNA ဌာနခွဲတို့မှာ ရှိနေပါပြီ။

ဥက္ကဋ္ဌကြီးခင်ဗျား။ မျိုးရိုးဗီဇဖွဲ့စည်းမှုပုံစံ Short Tandem Repeat အား သုတေသနပြုလေ့လာခြင်း နှစ်မျိုးရှိပါတယ်။ Capillary Electrophoresis နည်းလမ်းဟာ ကုန်ကျစရိတ် ပိုမိုများပြားသော်လည်း နိုင်ငံတကာလက်ခံထားသောနည်းပညာဖြစ်ပြီး ရရှိလာတဲ့ အဖြေဟာ စိတ်ချယုံကြည်ရခြင်း၊ ရာနှုန်းပြည့်တိကျခြင်း၊ အချိန်ကုန်သက်သာခြင်း စတဲ့အကျိုး ကျေးဇူးများရှိနိုင်ပါတယ်။ Polyacrylamide Gel Electrophoresis နည်းဟာ သုတေသနပြုရာမှာ ရရှိလာတဲ့အဖြေဟာ တိကျမှုအနည်းငယ်အားနည်းသော်လည်း ဖွံ့ဖြိုးမှုနိုင်ငံများ Developing Country တွေမှာ Population Genetic သုတေသနနှင့် DNA Fingerprinting သုတေသနများမှာ လက်ရှိအသုံးပြုနေသော နည်းပညာဖြစ်ခြင်း၊ ကုန်ကျစရိတ်သက်သာခြင်းစတဲ့ အားသာချက်များ ရှိပါတယ်။ လက်တွေ့နယ်ပယ်မှာ အသုံးချနိုင်ရန်အတွက် မိဘ၊ အဖေ၊ အမေနဲ့ သားသမီး၊ ကျား/မ တို့ရဲ့ထပ်တူညီမှု ရှိ/မရှိကို Autosome မှ VNTR ခေါ် Variable Number of Tender Repeat များကို နှိုင်းယှဉ်လေ့လာကြည့်ခြင်းအားဖြင့် ဥပဒေရေးရာကိစ္စရပ်များမှာ များစွာ အသုံးဝင်ပါတယ်။ ဥပရေးရာကိစ္စရပ်များမှာ တရားဝင်အသုံးပြုနိုင်ရန်အတွက် မြန်မာနိုင်ငံသားများရဲ့ VNTR ပုံစံ Reference Data များလိုအပ်ပါတယ်။ Reference Data များရရှိရန် ဆေးတက္ကသိုလ် အချို့ရှိ ဇီဝဓာတုဗေဒဌာနမှ ပါရဂူကြီးများက တိုင်းရင်းသားလူမျိုးအချို့နှင့် Autosome VNTR များကို သုတေသနပြုစုရန် ပြင်ဆင်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အားဖြင့် မပြောင်းလဲနိုင်တဲ့ မျိုးရိုးဗီဇဖွဲ့စည်းမှုပုံစံကို လေ့လာခြင်းဟာ မှုခင်းဆေးပညာ၊ သဘာဝနှင့် စစ်ဘေးဒဏ်ကြောင့် ပျောက်ဆုံးသွားသော စစ်သည်နှင့်မိသားစုဝင်များအား ရှာဖွေခြင်း အစရှိသည်တို့တွင် များစွာ အသုံးဝင်ရုံသာမက ရွှေ့ပြောင်းနေထိုင်သူတို့ရဲ့သမိုင်းကြောင်းဆိုင်ရာ စုံစမ်းထောက်လှမ်းခြင်းကိစ္စ များနှင့် မျိုးရိုးဗီဇဆိုင်ရာသမိုင်းကြောင်းရှာဖွေမှုနှင့် ဆက်စပ်သော သုတေသနလုပ်ငန်းများမှာ များစွာ အထောက်အကူပြုပါတယ်။ မြန်မာနိုင်ငံအနေနဲ့ လိုအပ်သော စက်ကိရိယာပစ္စည်းများ၊ လူသားအရင်း အမြစ်များ ပြည့်စုံလုံလောက်စွာရှိနေသည့်အပြင် လုပ်ဆောင်မှုမှာလည်း တစ်နိုင်ငံလုံးရှိ Population Genetic ကို လုပ်ဆောင်ခြင်းကိုပဲ Reference Data ရရှိရန်အတွက် လူမျိုးစု(Tribes)များရဲ့ လူမျိုးအချို့ Ratio Genetic ကိုသာ လုပ်ဆောင်ခြင်းဖြစ်သဖြင့် ဒေါက်တာမောင်သင်း တင်သွင်းသော

အဆိုအား အမျိုးသားအကျိုးစီးပွားနှင့် လုံခြုံရေးကို ဦးထိပ်ထားပြီး အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လေးလေးနက်နက်ထောက်ခံတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးထင်လင်းဦး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးထင်လင်းဦး(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးထင်လင်းဦး ဖြစ်ပါတယ်။ ဒေါက်တာမောင်သင်းရဲ့အဆိုကို ထောက်ခံဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဂရီဂေါ်မင်ဒဲလ်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးကစလို့ တွေ့ရှိခဲ့တယ်။ ပေါ်ပေါက်လာတယ်။ Genetic နဲ့ Inheritance နည်းပညာရပ်တွေဟာ အခုဆိုလို့ ရှိရင် အမျိုးမျိုးသော DNA Technology လက်တွေ့အသုံးချနယ်ပယ်တွေအထိ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေကြပြီ ဖြစ်ပါတယ်။ မိမိတို့မြန်မာနိုင်ငံဟာ လူသားသမိုင်းမှာအခြေခံကောင်းရှိတဲ့ နိုင်ငံ ဖြစ်ပြီး ပုံတောင်ဒေသမှာ လွန်ခဲ့တဲ့နှစ်သန်းပေါင်း ၄၀ က လူတူနွယ်စု ကျောက်ဖြစ်ရုပ်ကြွင်းတွေ တွေ့ခဲ့တယ်လို့ ပညာရှင်တွေကအတည်ပြုခဲ့တဲ့အတွက် မြန်မာမြေပေါ်မှာ လူသားမျိုးနွယ်စု အစပြုခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ မြန်မာ့မြို့ပြနိုင်ငံတွေအနေနဲ့ တကောင်း၊ ဗိဿနိုး၊ သရေခေတ္တရာ၊ ဟန်လင်း၊ ဝေသာလီ၊ သုဝဏ္ဏဘူမိတို့ကို အထင်အရှားပြနိုင်ပါတယ်။ ပြည်ထောင်စု အတွင်းမှာရှိတဲ့ ဒေသတွေကို စုစည်းပြီးတော့ ပထမ၊ ဒုတိယ၊ တတိယ မြန်မာနိုင်ငံတော်တို့ကိုလည်း တည်ထောင်နိုင်ခဲ့ကြပါတယ်။ ကမ္ဘာ့နိုင်ငံတိုင်းမှာ မိမိတစ်မျိုးသားလုံးရဲ့ကိုယ်ပိုင်ယဉ်ကျေးမှုကို ထိန်းသိမ်းကာကွယ်လုပ်ဆောင်နေကြပါတယ်။ မြန်မာနိုင်ငံလို ကိုယ်ပိုင်ယဉ်ကျေးမှုအမြောက်အမြား ရှိပြီး အမျိုးဂုဏ်မြင့်မားတဲ့ ပြည်ထောင်စုနိုင်ငံအဖို့ တိုင်းရင်းသားများရဲ့ တည်ရှိမှုနှင့် ယဉ်ကျေးမှုတွေ ကို အရှည်တည်တံ့စေရန် ထိန်းသိမ်းစောင့်ရှောက်ရမည့်တာဝန်ဟာ အမျိုးသားရေးတာဝန် ဖြစ်ပါ တယ်။ ဒါကြောင့် တိုင်းရင်းသားလူမျိုးတစ်မျိုးချင်းစီရဲ့ စံပြုကိုးကားနိုင်တဲ့ ဒီအင်အေမျိုးရိုးဗီဇ ဖွဲ့စည်းမှုမှတ်တမ်းထားရှိခြင်းဟာ အမျိုးသားရေးတာဝန်တစ်ရပ်ကို ထမ်းဆောင်ခြင်းဖြစ်ကြောင်း တင်ပြလိုပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံဆိုတဲ့စကားရပ်နှင့်စပ်လျဉ်းပြီး တော့ Montevideo Convention of the Rights and Duties of States ရဲ့ Article 1 မှာ A Permanent population, A defined territory, Government, and Capacity to enter into Relation with the other states လို့ဖော်ပြထားပါတယ်။ နိုင်ငံတစ်နိုင်ငံဖြစ်ပေါ်ဖို့အတွက် လူ့ဘောင်အဖွဲ့အစည်း တစ်ရပ်လိုအပ်မှာဖြစ်ပြီးတော့ ထိုလူ့ဘောင်အဖွဲ့အစည်းဆိုတာ တစ်နည်းအားဖြင့် ကျွန်တော်တို့နိုင်ငံအတွက် တိုင်းရင်းသားပြည်သူလူထုများဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူ လူထုအပေါင်းတို့က မြန်မာနိုင်ငံတော်ကို ကမ္ဘာ့အလယ်မှာ ပြည်ထောင်စုဖွားတိုင်းရင်းသားများ ပေါင်းစုနေထိုင်ကြတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအသွင်နဲ့ ဆက်လက်ရပ်တည်ရှင်သန်နေခြင်း ကိုသာ လိုလားကြမှာဖြစ်ပါတယ်။ မြန်မာ့အသွင်အပြင် ဝိသေသအမှတ်လက္ခဏာများကွယ်ပျောက်ကာ အခြားသောအသွင်အပြင်လက္ခဏာတွေနဲ့ ဆက်လက်ရပ်တည်သွားခြင်းကို လိုလားကြမှာမဟုတ်ကြောင်း တင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလုံခြုံရေးအကျိုးစီးပွားကို ဆောင်ရွက်ရာမှာ အချက်နှစ်ချက်ရှိပြီးတော့ နိုင်ငံတော်ရဲ့ပိုင်နက်နယ်မြေကာကွယ်ခြင်းနဲ့ အချုပ်အခြာအာဏာ သို့မဟုတ် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းတို့ဖြစ်ပါတယ်။ အမျိုးသား လုံခြုံရေးကို စစ်ရေးအမြင်နဲ့သာ အများဆုံးဖော်ပြလေ့ရှိပေမဲ့ မျက်မှောက်ကာလမှာတော့ တရားမဝင် ကူးသန်းရောင်းဝယ်မှုတွေ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဆုတ်ယုတ်မှုတွေ ပြောင်းရွှေ့အခြေချနေထိုင်မှု တွေ၊ လူဦးရေတိုးပွားမှုတွေအတွက် လူမှုစီးပွားဘဝလုံခြုံမှု၊ သဘာဝပတ်ဝန်းကျင်လုံခြုံမှု၊ စွမ်းအင် လုံခြုံမှု စတာတွေဟာလည်း အမျိုးသားလုံခြုံရေးကဏ္ဍအောက်မှာ အကျုံးဝင်လာတာ ဖြစ်ပါတယ်။ ဒါကြောင့်တိုင်းရင်းသားလူမျိုးတစ်မျိုးချင်းဆီရဲ့ စံပြုကိုးကားနိုင်တဲ့ ဒီအန်အေမျိုးရိုးဗီဇ ဖွဲ့စည်းမှု မှတ်တမ်းထားရှိခြင်းဟာ ပညာရပ်ပိုင်းဆိုင်ရာရှုထောင့်ကနေ အမျိုးသားလုံခြုံရေးတာဝန် တစ်ရပ်ကို ထမ်းဆောင်ခြင်းဖြစ်ကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃ မှာ နိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ ပေါင်းစုနေထိုင်သော နိုင်ငံဖြစ်သည်လို့ ပြဋ္ဌာန်းပါရှိပါတယ်။ ဒါ့အပြင် တိုင်းရင်းသားများရဲ့ ရပိုင်ခွင့်အခွင့်အရေးနှင့် ကာကွယ်ပေးရေးဆိုင်ရာပြဋ္ဌာန်းချက်ပေါင်းများစွာ လည်း ပါဝင်တာကို လေ့လာတွေ့ရှိပါတယ်။ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေမှာ တိုင်းရင်းသား ဆိုတဲ့အဓိပ္ပာယ်သတ်မှတ်ချက်နဲ့ တိုင်းရင်းသားဖြစ်ပါက မွေးရာပါနိုင်ငံသားဖြစ်ကြောင်း ပြဋ္ဌာန်းချက် တွေ ပါရှိပါတယ်။ တိုင်းရင်းသားလူမျိုးများရဲ့အခွင့်အရေး ကာကွယ်စောင့်ရှောက်တဲ့ဥပဒေမှာလည်း

တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးရပိုင်ခွင့်တွေကို ပြဋ္ဌာန်းပါရှိပါတယ်။ မိမိတို့နိုင်ငံဟာ တိုင်းရင်းသားပေါင်းစုံနှင့်တည်ဆောက်ထားတဲ့ ပြည်ထောင်စုနိုင်ငံတော်ဖြစ်တာနဲ့အညီ တိုင်းရင်းသားများရဲ့ဝိသေသလက္ခဏာများ(Ethnic identities) ပေါင်းစုပြီးတော့ ပြည်ထောင်စုရဲ့အမှတ် လက္ခဏာများ(National identities)အဖြစ် ကမ္ဘာ့အလယ်မှာ ဂုဏ်ယူဖွယ်ရာမှတ်တမ်းတင်ရမှာဖြစ်ပါတယ်။ ဝိသေသလက္ခဏာများဆိုရာမှာ တိုင်းရင်းသားများရဲ့ဘာသာစကား၊ ဘာသာအယူဝါဒ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ ရုပ်ရည်သွင်ပြင်လက္ခဏာတွေပါဝင်ပြီးတော့ မျိုးရိုးဗီဇပညာသဘောတရားအရ ပြောရရင် ဒါတွေဟာ ပြင်ပသွင်ပြင်လက္ခဏာ Phenotype ဖြစ်ပါတယ်။ မျိုးရိုးဗီဇအမှတ်လက္ခဏာကတော့ Genotype ဖြစ်ပါတယ်။ တိုင်းရင်းသားဝိသေသအမှတ်လက္ခဏာတွေကို မှတ်တမ်းတင်ထားဖို့အတွက် Phenotype ကိုသာမက Genotype ကိုပါ တိုက်တွန်းဆောင်ရွက်လာခြင်းဟာ အလွန်သင့်လျော်ကောင်းမွန်ကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံအချို့မှာ မျိုးရိုးဗီဇစစ်ဆေးခြင်းလုပ်ငန်းတွေကို သုတေသနတွေမှာ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့လက်အောက်မှာရှိတဲ့ပညာရှင်တွေကပါ ပါဝင်ဆောင်ရွက်နေတာကို တွေ့ရပါတယ်။ မိမိတို့တပ်မတော်ဆေးဝန်ထမ်းညွှန်ကြားရေးမှူးအောက်မှ ပညာရှင်တွေအနေနဲ့လည်း မျိုးရိုးဗီဇစစ်ဆေးခြင်းဆိုင်ရာလုပ်ငန်းများနှင့် သုတေသနလုပ်ငန်းများကို လေ့လာဆောင်ရွက်နေကြလျက်ရှိပြီးတော့ အခြားသောဝန်ကြီးဌာနများမှ ပညာရှင်များနှင့်ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း တင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားလူမျိုးတစ်မျိုးချင်းစီရဲ့စံပြုကိုးကားနိုင်သည့် ဒီအင်အေမျိုးရိုးဗီဇဖွဲ့စည်းမှုမှတ်တမ်းထားရှိဖို့ ဆောင်ရွက်မယ်ဆိုရင် စစ်ဆေးနိုင်တဲ့နည်းလမ်းတွေအနေနဲ့ ပိုမိုတိကျစေတဲ့နည်းစနစ်တွေကို အသုံးပြုစစ်ဆေးခြင်း၊ လိုအပ်တဲ့စက်ပစ္စည်းများ၊ Reagent များ၊ Primer လိုအပ်ချက်တွေကို ဝယ်ယူဖြည့်တင်းရန်အတွက် ဘဏ္ဍာနှစ်အလိုက် ဘဏ္ဍာရန်ပုံငွေ ဖြည့်ဆည်းခြင်း၊ တိကျသေချာစေရန်အတွက် အကြိုသုတေသနလုပ်ငန်းတွေ ဆောင်ရွက်ခြင်း၊ အခြားနိုင်ငံတွေနဲ့ အိမ်နီးချင်းနိုင်ငံများရဲ့ သုတေသနရလဒ်တွေကိုပါ လေ့လာမှတ်တမ်းတင်ခြင်း၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများဖွဲ့စည်းခြင်း၊ DNA Identification Act သို့သော ဥပဒေပြဋ္ဌာန်းရန် လို/မလို စတဲ့အချက်တွေကို ထည့်သွင်းစဉ်းစားရန် အကြံပြုတင်ပြလိုပါတယ်။

နိဂုံးချုပ်အားဖြင့် ဒေါက်တာမောင်သင်းရဲ့အဆိုအား မျက်မှောက်ကာလတိုးတက်လာတဲ့ ခေတ်သစ်နည်းပညာတွေကို အသုံးပြုပြီးတော့ ပြည်ထောင်စုဖွားတိုင်းရင်းသားတွေရဲ့ ဝိသေသ

လက္ခဏာတွေကို Genetic Level အထိ အသိအမှတ်ပြုမှတ်တမ်းတင်ထားရှိရေးဆောင်ရွက်ရန် တိုက်တွန်းခြင်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် တိုင်းရင်းသားများရဲ့အခွင့်အရေးရှုထောင့်က ရော၊ အမျိုးသားလုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွားရှုထောင့်အရပါ အမျိုးသားရေးတာဝန်တစ်ရပ် အနေနဲ့ ဆောင်ရွက်ရမယ့်ကိစ္စဖြစ်တဲ့အတွက် ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒေါက်တာမောင်သင်း၊ မိတ္ထီလာမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပြန်လည် ရှင်းလင်းဆွေးနွေးရန်ဖြစ်ပါတယ်။

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန)**။ ။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီအဆိုကို တင်သွင်းတဲ့အတွက် မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်းကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ဆွေးနွေးတဲ့ ကိုယ်စားလှယ်တော် ကြီးများအားလုံးကိုလည်းပဲ အထူးကျေးဇူးတင်ရှိပါကြောင်း ပဏာမပြောကြားလိုပါတယ်။ ကိုယ်စားလှယ်တော်ကြီးရဲ့အဆိုမှာ ဖော်ပြထားတဲ့ တိုင်းရင်းသားလူမျိုးတစ်မျိုးချင်းစီရဲ့ စံပြုကိုးကား နိုင်တဲ့ ဒီအင်အေမျိုးရိုးဗီဇဖွဲ့စည်းမှု မှတ်တမ်းထားရှိရေးကိစ္စနှင့်ပတ်သက်ပြီးတော့မှ ပြည်ထဲရေး ဝန်ကြီးဌာန၊ ပြည်ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနများသို့ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ သဘောထားမှတ်ချက်များတောင်းခံခဲ့ပါတယ်။ လက်ရှိဆောင်ရွက်နေတဲ့အနေ အထားများကိုလည်းပဲ ကျွန်တော်တို့ မေးမြန်းခဲ့ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ကတော့ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံးရဲ့ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၆၄၁/၂၀၁၅)ဖြင့် ဒီအင်အေဆိုင်ရာ ကြီးကြပ်ရေးဘုတ်အဖွဲ့နှင့် ဒီအင်အေ ဆိုင်ရာ စမ်းသပ်ရေးနည်းပညာအဖွဲ့တို့ကို ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း သိရှိရပါတယ်။ ဒီအင်အေ ဆိုင်ရာကြီးကြပ်ရေးဘုတ်အဖွဲ့မှာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဆေးသုတေသနဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ကုသရေးဦးစီးဌာန အမျိုးသား ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် စုစုပေါင်း ၃ ဦးတို့ ပါဝင်ဆောင်ရွက်

လျက်ရှိပါတယ်။ လက်ရှိဒီအင်အေဆိုင်ရာ စမ်းသပ်စစ်ဆေးရေးနည်းပညာလုပ်ငန်းအဖွဲ့မှလည်းပဲ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ ကုသရေးဦးစီးဌာန၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ်(၁)၊ ဥပဒေရေးရာဆေးပညာဌာနတို့မှ ပညာရှင်များနှင့် ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီဘုတ်အဖွဲ့ရဲ့ လုပ်ငန်းတာဝန်များမှာလည်းပဲ နောင်တွင် အမျိုးသားအဆင့် ဒီအင်အေဓာတ်ခွဲခန်းဌာန၊ သုတေသနနှင့် Data Base များ တည်ထောင်သွားနိုင်ရေး ဆောင်ရွက်ရသွားမည်ဟု တိတိကျကျဖော်ပြထားပါတယ်။ ဒါကြောင့်မို့လို့ အဆိုပြုထားတဲ့စံပြုကိုးကားနိုင်တဲ့ ဒီအင်အေမျိုးရိုးဗီဇဖွဲ့စည်းမှုမှတ်တမ်းဆောင်ရွက်ရန်ထားရှိမှုကိစ္စမှာ ဒီအင်အေဆိုင်ရာကြီးကြပ်ရေးဘုတ်အဖွဲ့ရဲ့ လုပ်ငန်းတာဝန်များဖြစ်ပြီးတော့မှ ဆက်လက်ဆောင်ရွက်နေဆဲ လုပ်ငန်းများဖြစ်ပါတယ်လို့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံးကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြလိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ဆွေးနွေးတဲ့အထဲမှာလည်း ပါပါတယ်။ ဒီအင်အေ Database စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်မယ်ဆိုရင် အဲဒီလိုအကောင်အထည်ဖော်မဆောင်ရွက်မီမှာ DNA Identification Act ကဲ့သို့သော ဥပဒေကြောင်းဆိုင်ရာကိစ္စရပ်များကိုလည်းပဲ ကျွန်တော်တို့ ဆောင်ရွက်ဖို့လိုပါတယ်။ ဒါ့အပြင် ဥပဒေရေးရာ၊ လူ့အခွင့်ရေးရာ၊ သုတေသနနှင့် ကျင့်ဝတ်ရေးရာကိစ္စရပ်များကို နိုင်ငံတော်ရဲ့တည်ဆဲဥပဒေများ၊ တရားစီရင်ရေးဥပဒေများနှင့် နိုင်ငံခြားရေးရာမူဝါဒများနှင့် လူ့အခွင့်အရေးကာကွယ်ခြင်းဆိုင်ရာ မူဝါဒအပေါ်ကို အခြေခံပြီးတော့မှ ဆန်းစစ်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ နိုင်ငံတကာမှာ ဆောင်ရွက်နေတဲ့ Human Genome Project စည်းကမ်းသတ်မှတ်ချက်များအရ မျိုးရိုးဗီဇ အခြေအနေများကို အသုံးပြုပြီးတော့မှ ခွဲခြားဆက်ဆံခြင်း (Genetic and Social Discrimination) မပြုလုပ်ရဟု သတ်မှတ်ထားကြောင်း သိရတဲ့အတွက်လည်းပဲ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့မှ မငြိစွန်းစေရေးအတွက် အလေးထားလုပ်ဆောင်သွားဖို့ လိုအပ်ပါတယ်လို့ ပြောကြားလိုပါတယ်။

နောက်တစ်ချက်ကတော့ မြန်မာနိုင်ငံမှာဆောင်ရွက်နေတဲ့ ပညာရှင်များအနေအထားနှင့် ပတ်သက်ပြီးတော့မှ ဒီအင်အေမှတ်တမ်းထားရှိရေးမှာ ပါဝင်လုပ်ဆောင်တဲ့ ပညာရှင်များ အထိုက်အလျောက်ရှိသော်လည်းပဲ ပြည့်ပြည့်စုံစုံရှိတယ်လို့ ယူဆလို့မရသေးပါဘူး။ ပညာရှင်များကိုလည်းပဲ ထပ်မံပြီးတော့မှ ပြောင်းလဲလာတဲ့နည်းပညာများနှင့်အညီ မွေးထုတ်ပေးပါလို့ အရည်အချင်း

ပြည့်မီအောင် လုပ်ဆောင်ပေးရန်လိုအပ်ပါတယ်။ နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်ရှိသူများ ကသာ တရားဝင်နိုင်ငံတကာစံချိန်စံညွှန်းမီတဲ့ မှတ်ချက်များကိုပေးနိုင်မှာဖြစ်တဲ့အတွက် နိုင်ငံတကာ အသိအမှတ်ပြု ကျွမ်းကျင်သူများမွေးထုတ်သွားဖို့နှင့် ပူးပေါင်းဆောင်ရွက်သွားဖို့လိုပါတယ်။ ဒါ့အပြင် သက်ဆိုင်ရာနည်းပညာကျွမ်းကျင်အတွေ့အကြုံရှိတဲ့ ပြည်တွင်း၊ ပြည်ပပညာရှင်များနှင့် ပူးပေါင်း ဆောင်ရွက်မှုများကိုလည်းပဲ များစွာလိုအပ်ပါတယ်။

နောက်တစ်ချက်ကတော့ လွှတ်တော်ကိုယ်စားကိုယ်စားလှယ်တော်ကြီးများ ဆွေးနွေးတဲ့အထဲမှာ လည်းပါပါတယ်။ စက်ပစ္စည်းကိရိယာများလိုအပ်ချက်ဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာန အဆင့်မြင့် ပညာဦးစီးဌာနအောက်မှာ ရန်ကုန်တက္ကသိုလ်နှင့် ဒဂုံတက္ကသိုလ်နှစ်ခုရှိပါတယ်။ အဲဒီမှာ ဒီအင်အေ Analysis ပြုလုပ်ဖို့အတွက် Human Sample များလေ့လာရေးအတွက် အစပြုပစ္စည်းကိရိယာများ Capillary Electrophoresis ရှိသော်လည်းပဲ ကျွမ်းကျင်ပညာရှင်များနဲ့ အဆင့်မီတဲ့ဓာတ်ခွဲခန်း Laboratory လောလောဆယ် မရှိသေးပါဘူး။ မန္တလေးတက္ကသိုလ်နှင့် ပုသိမ်တက္ကသိုလ်တို့မှာ ဒီအင်အေ Analysis ပြုလုပ်ရန်အတွက် စက်ပစ္စည်းကိရိယာများ မရှိသေးပါဘူး။ ရှိဖို့ကြိုးစားနေတဲ့ အနေအထားပဲဖြစ်ပါတယ်။ ဒီအင်အေနမူနာများကို ဆောင်ရွက်နိုင်ဖို့အတွက်ကို စက်ပစ္စည်းများနဲ့ နိုင်ငံတကာအဆင့်မီတဲ့ ဓာတ်ခွဲခန်းများလိုအပ်ပါတယ်။ ဆက်စပ်လုပ်ငန်းများလည်းပဲ လုပ်ဆောင်ဖို့ ငွေကြေးများလည်းလိုအပ်ပါတယ်။ ငွေကြေးများဟာလည်းပဲ စဉ်ဆက်မပြတ်ဆက်လက်ပြီးတော့မှ လုပ်ငန်းစဉ်အတွက် နိုင်ငံတော်ကဘဏ္ဍာငွေများ ပံ့ပိုးပေးဖို့လိုအပ်ပါတယ်။ ဒါ့အပြင် ဒီအင်အေစစ်ဆေးမယ့်နည်းလမ်းကိုလည်းပဲ ကိုယ်စားလှယ်တော်ကြီးများ ဆွေးနွေးမယ့်အထဲမှာလည်း ပါပါတယ်။ နည်းလမ်းဟာတစ်ခုမက ရှိနေတာဖြစ်ပါတယ်။ အဲဒီနည်းလမ်းကိုလည်းပဲ နိုင်ငံတော်ရဲ့ လိုအပ်ချက်နဲ့ နိုင်ငံတော်မှ ရေရှည်စိုက်ထုတ်ကုန်ကျနိုင်မယ့် ငွေကြေးပမာဏအပေါ် မူတည်ပြီးတော့မှ တိုင်းရင်းသားလူမျိုးတစ်စုချင်းစီရဲ့ ဒီအင်အေ Database ကောက်ယူရန်အတွက် အသုံးပြုတဲ့ နည်းပညာ ရွေးချယ်ဆုံးဖြတ်ခြင်းကိုလည်းပဲ အာဏာပိုင်အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ ပညာရှင်များ အကြေအလည်ဆွေးနွေးပြီးတော့မှ အတည်ပြုလုပ်ဆောင်သွားဖို့ လိုအပ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်သွင်းတဲ့ အဆိုဟာ နိုင်ငံတော်နှင့် တိုင်းရင်းသားလူမျိုးစုများအတွက် အရေးပါတဲ့ကိစ္စဖြစ်ပါတယ်။ ဆက်လက်လုပ်ဆောင်သွားရန်လည်းဖြစ်တယ်လို့ သဘောထားပါတယ်။ နိုင်ငံတော်အစိုးအနေနဲ့လည်း ဒီကိစ္စကို သိရှိပြီးတော့မှ သက်ဆိုင်ရာဆက်စပ်ဝန်ကြီးဌာနများ ပေါင်းစပ်ပြီးတော့မှ ဆောင်ရွက်လျက်ရှိပါတယ်။ အခုအခါမှာတော့ ပြည်ထဲရေးဝန်ကြီးဌာန၊

ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအပါအဝင် ကိုယ်စားလှယ်တော်ကြီးများဆွေးနွေးချက်အရ တပ်မတော်ကာကွယ်ရေးဝန်ကြီးဌာနကလည်းပဲ ကျွမ်းကျင်ပညာရှင်များရှိတဲ့အတွက် ဒီအင်အားစုတွေကို ပေါင်းစပ်ပြီးတော့မှ ဆက်လက်ပြီးတော့မှ ဆောင်ရွက်သွားဖို့ ကျွန်တော်တို့လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအင်အေမျိုးရိုးဗီဇဖွဲ့စည်းမှုမှတ်တမ်းများထားမယ့်ကိစ္စနဲ့ပတ်သက်ပြီးတော့မှ နိုင်ငံတော်အစိုးရအဖွဲ့အနေနဲ့လည်း ဒါကိုသိရှိပြီးတော့မှ သက်ဆိုင်ရာဝန်ကြီးဌာနများ ဆက်လက်ဆောင်ရွက်သွားရမယ့်လုပ်ငန်းစဉ်များ ဖြစ်ပါတယ်။ Database စနစ်ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက်ကို ကျွန်တော်အထက်က ဆွေးနွေးခဲ့သလိုပဲ ဥပဒေများပြင်ဆင်ရေးဆွဲဖို့လိုအပ်ချက်များ လည်းရှိနေသေးပါတယ်။ အလားတူပဲ ကျွမ်းကျင်ပညာရှင်များဖြည့်ဆည်းရန်လိုအပ်ချက်များနဲ့ အဆင့်မီဓာတ်ခွဲခန်းများနဲ့ ဆက်စပ်ပစ္စည်းများလည်းလိုအပ်လျက်ရှိပါတယ်။ အလားတူပါပဲ။ နိုင်ငံတော်ဘဏ္ဍာရရှိနိုင်ဖို့နဲ့ ရေရှည်စိုက်ထုတ်ကုန်ကျမယ့် ငွေကြေးကဏ္ဍများကို သုံးသပ်တွက်ချက် ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ကိုယ်စားလှယ်တော်ကြီးရဲ့အဆိုကသင့်တင့်တဲ့ ဆောင်ရွက်သင့်တဲ့အဆိုဖြစ်သော်လည်းပဲ အထက်ပါ အကြောင်းအချက်များကြောင့် နိုင်ငံတော်အစိုးရအနေနဲ့လည်း သိရှိပြီးတော့မှ ဆောင်ရွက်နေဆဲလုပ်ငန်းများဖြစ်တဲ့အတွက်ကြောင့် ကိုယ်စားလှယ်တော်ကြီးရဲ့အဆိုအား မှတ်တမ်းတင်ထားရှိသင့်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဒေါက်တာမောင်သင်း(မိတ္ထီလာမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အဆိုကို နိုင်ငံတော်ရဲ့ရှေ့ရေးအတွက် ဝိုင်းဝန်းအကြံပြုထောက်ခံပေးကြပါသော လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦးကို အထူးပဲကျေးဇူးတင်ကြောင်း လေးစားစွာ ပထမပြောကြားအပ်ပါတယ်။ ဒုတိယအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီး ဆရာကြီးဒေါက်တာအောင်ခင်ဆွေးနွေးချက်ဟာ အလုပ်တစ်ခုလုပ်တဲ့နေရာမှာ အားသာချက်နှင့်အားနည်းချက်ရှိတဲ့အထဲကအားနည်းချက်နည်းနည်းလေးကိုသာ ထောက်ပြဆွေးနွေးသွားတာဖြစ်ကြောင်း ရှင်းလင်းလိုပါတယ်။

ကျွန်တော့်အနေနဲ့ ဒီအဆိုကိုတင်သွင်းရတဲ့အချက်ကတော့ လွှတ်တော်ရယ်၊ အစိုးရရယ်၊ လက်နက်ကိုင်အဖွဲ့အစည်းနှင့် တိုင်းရင်းသားပြည်သူများပူးပေါင်းပြီး နိုင်ငံတော်လွတ်လပ်ရေး၊

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တရားဥပဒေစိုးမိုးရေးတို့ကိုဆောင်ရွက်ရာမှာ ပညာဖြင့် ခိုင်ခိုင်မာမာ ဆောင်ရွက်ထားနိုင်ကြောင်း တစ်နည်းအားဖြင့် နိုင်ငံတော်ရဲ့ ခြံစည်းရိုးနယ်နိမိတ်ကို ခေတ်မီနည်းပညာဖြင့်ကာကွယ်ထားရင် သားစဉ်မြေးဆက်၊ ကောင်းကျိုးဆက်နိုင်တဲ့အကျိုးကို ရရှိနိုင်ကြောင်း ရည်ရွယ်ခြင်း၊ တင်သွင်းရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးဆွေးနွေးသွားတဲ့အထဲမှာ လိုအပ်ချက်တွေအများကြီးရှိနေတယ်ဆိုတာကိုတော့ ပြောလိုပါတယ်။ ဘာဖြစ်လို့လဲဆိုလို့ရှိရင် ဒီအချက်တွေလုပ်ရမယ့် ဥပဒေရေးရာတို့၊ ဒီဥစ္စာတို့ကို ပြည်သူ့လွှတ်တော်ရော၊ နိုင်ငံတော်အစိုးရရော ဝိုင်းဝန်းအကောင်အထည်ဖော်ပေးရမယ့်ကိစ္စလည်း ဖြစ်ပါတယ်။ နောက်ပြီးတော့ ဒီအလုပ်ဟာ ကျွန်တော်တို့အနေနဲ့ ကနေ့စထားမှ ကျန်တဲ့ ပြည်ထောင်စုဝန်ကြီးပြောသွားတဲ့အချက်တွေအားလုံးကို ကျွန်တော်တို့က ဘာဖြစ်လဲဆိုလို့ရှိရင် ဆက်လက်လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ ဒီအတွက် ကျွန်တော်တို့အနေနဲ့ ဒီပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ အစိုးရကိုအခက်အခဲရှိအောင်၊ အကြပ်အတည်းဖြစ်အောင် အဆိုတင်သွင်းနေတဲ့အဆိုမဟုတ်ဘူးဆိုတာကို ကျွန်တော့်အနေနဲ့ ပထမဦးဆုံးပြောကြားချင်ပါတယ်။ အစိုးရရဲ့ ဂုဏ်သိက္ခာမြင့်မားအောင် ထောက်ပံ့ပေးနေသောသဘောဖြင့် ဆောင်ရွက်စရာရှိတာကို လက်ရှိအခြေအနေမှာဆောင်ရွက်နိုင်ရန် ကျွန်တော့်အနေဖြင့် အကြံပေးတိုက်တွန်းခြင်းသာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ယခုအဆိုဟာ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အစိုးရကို ငွေကြေး၊ အတတ်ပညာ၊ အကောင်အထည်ဖော်မယ့်ပညာရှင်အရေအတွက် အရလည်း လုံးဝဝန်ထုပ်ဝန်ပိုးမဖြစ်စေပါဘူး။ ပညာရှင် ၁၀ ဦးမှ ၂၀ ဦးလောက်သာ လိုအပ်တဲ့ လုပ်ငန်းဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေဖြင့် သို့မဟုတ် အစိုးရအနေဖြင့် ပံ့ပိုးပေးရန်သာလိုပါတယ်။ အဲဒီအစိုးရရဲ့ပံ့ပိုးမှုက နိုင်ငံအတွင်းသမိုင်းရှည်ကြာစွာ အေးအတူပူအမျှနေထိုင်ခဲ့ကြသော တိုင်းရင်းသားမျိုးနွယ်စုအားလုံး၏ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးရဲ့လွတ်လပ်ရေး၊ အချုပ်အခြာရေရှည်တည်တံ့ခိုင်မြဲရေးအတွက် များစွာအကျိုးဖြစ်ထွန်းစေတာ ဖြစ်ပါတယ်။ ခုနက ပြည်ထောင်စုဝန်ကြီးရှင်းပြထားတဲ့အထဲမှာ မန္တလေးတက္ကသိုလ်နဲ့ ပုသိမ်တက္ကသိုလ်မှာပစ္စည်းမရှိဘူးဆိုတာကို လက်ခံပါတယ်။ ဒါပေမဲ့ ပညာရှင်တွေတော့ လုံလုံလောက်လောက်ရှိပါတယ်။ အဲဒီထဲမှာမှ ကျွန်တော့်တပည့် နန္ဒကျော်သူဟာ ဂျပန်မှာသွားပြီးတော့ LJ ကို Identified ဒီနည်းပညာတွေနဲ့လုပ်တဲ့အခါမှာ ယခင်ကအသစ်မတွေ့ရှိထားရသေးတဲ့အတွက်ကြောင့် သူ့နာမည်နဲ့ နိုင်ငံ့ဂုဏ်ဆောင်ခဲ့တဲ့ အပင်အသစ်တစ်မျိုးကို နိုင်ငံ့ဂုဏ်ဆောင်ခဲ့တဲ့ ပညာရှင်ရှိပါတယ်။ သူလိုပညာရှင်မျိုး သုံး၊ လေးယောက်ရှိပါတယ်။ ပုသိမ်တက္ကသိုလ်ကို ကျွန်တော့်အဆိုမှာ ဆွေးနွေးသွားသလို ဒီနှစ်အတွင်းမှာ ဒီပစ္စည်းတွေဝယ်ယူဖို့ ငွေချပေးပြီးဖြစ်ပါတယ်။

**မူကြမ်း**

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီအဆိုကိုတင်တာဟာ နိုင်ငံတော်အကျိုးစီးပွားအတွက်ပါ ပါတီအတွက်မဟုတ်ပါဘူး။ ပါတီအတွက်အလုပ်လုပ်ရန်လည်း ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်တွေကို မဲဆန္ဒရှင်ပြည်သူများက မဲပေးလိုက်တာမဟုတ်ပါဘူး။ ဒေသအကျိုးနှင့် နိုင်ငံတော်အကျိုးသယ်ပိုးရန်အတွက် ယခုလွှတ်တော်ထဲကို လွှတ်တော်ကိုယ်စားလှယ်များအားလုံးကိုလည်း မဲဆန္ဒရှင်လုပ်သားပြည်သူများက နိုင်ငံတော်အကျိုးသယ်ပိုးရန်အတွက် မဲပေးလိုက်တာတယ်ဆိုတာကို အားလုံးအသိပါ။ ဆိုလိုတာက ကျွန်တော်တို့က နိုင်ငံတော်ရဲ့ရေရှည်အကျိုးစီးပွားကို မျှော်ကိုးပြီး အလုပ်လုပ်ရန်အတွက် ပြည်သူတွေကလွှတ်လိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်များပါခင်ဗျား။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်တစ်ချက်အနေနဲ့ ယနေ့နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် အတိုက်အခံဘဝက အစိုးရနှင့် အတိုက်အခံမှာတူညီတဲ့ ရည်မှန်းချက်ကတော့ နိုင်ငံတော်ရဲ့ရေရှည်အကျိုးစီးပွားကို သယ်ပိုးရန်အတွက်ပဲလို့ ပြောကြားခဲ့ပါတယ်။ သို့ပါ၍ ကျွန်တော့်ရဲ့အဆိုဟာ မည်သည့်ပါတီအတွက်မှ မဟုတ်ပါဘူး။ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ ရေရှည်အကျိုးအတွက်ပါလို့ ကျွန်တော်တင်သွင်းခဲ့တာ ဖြစ်ပါတယ်။ ခုနက ပြောခဲ့သလိုပဲ ကိုယ်စားလှယ်တော်ကြီးများ ဆွေးနွေးခဲ့သလိုပဲ အဓိကအားဖြင့် ပထမဦးဆုံးအကူအညီရရမှာတော့ ၁၉၈၂ ခုနှစ်၊ နိုင်ငံသားဥပဒေကို တိတိကျကျကျွန်တော်တို့ အကူအညီပေးနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်နှင့်တိုင်းရင်းသားများ၏ ရေရှည်အကျိုးအတွက်ပါလို့ ကျွန်တော်တင်သွင်းခဲ့တဲ့အဆိုကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ မြွက်ကြားခဲ့တဲ့ မြွက်ကြားချက်နှင့်ချိန်ညှိပြီး တိုင်းရင်းသားပြည်သူများရဲ့ ရေရှည်အကျိုးစီးပွားကို လိုလားတဲ့ မဲဆန္ဒရှင်လုပ်သားပြည်သူများ ကျွန်တော်တို့ကို မဲပေးရကျိုးနပ်အောင် နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ မဲဆန္ဒရှင်လုပ်သားပြည်သူများရဲ့ ပြုံးပျော်နေတဲ့မျက်နှာများကို မြင်ချင်တာကြောင့် ကျွန်တော်ရဲ့အဆိုကို အတည်ပြုပေးပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာမောင်သင်း တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ်ခြောက်ဦးက ဆွေးနွေးပြီး အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အဆိုအား မှတ်တမ်းတင်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း အတည်ပြုပေးရန် ရှင်းလင်းပြောကြားခဲ့ပါတယ်။ ဒါ့ကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့သဘောထားရယူရန် စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းနဲ့ ဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ အဆိုရှင်ရဲ့ တင်ပြချက်ပေါ်မူတည်ပြီး မဲခွဲဆုံးဖြတ်မှာဖြစ်ပါတယ်။ ထောက်ခံမဲများလျှင် အဆိုရှင်ရဲ့အတည်ပြုရန်

တင်ပြချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဝန်ကြီးဌာနရဲ့ မှတ်တမ်းတင်ရန် တင်ပြချက်က အတည်ဖြစ်ပါမယ်။ ဆန္ဒမဲပေးဖို့အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ အခုဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၁၅၀ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၂၂၂ မဲ၊ ကြားနေ ဆန္ဒမဲပေါင်း ၆ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန့်ကွက်တဲ့ကိုယ်စားလှယ်ဦးရေကများတဲ့အတွက် ဒေါက်တာမောင်သင်း တင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(၅၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၂)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၃)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ သြဂုတ်လ ၃၀ ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၂) ရက်မြောက်နေ့ကို ၁၁း၄၀ နာရီအချိန်ရပ်နားပါသည်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၂) ရက်မြောက်နေ့
## (၂၉.၈.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့်
## ပုဂ္ဂိုလ်များ



ဒေါက်တာခင်စိုးစိုးကြည်
(ပြည် မဲဆန္ဒနယ်)



ဒေါက်တာကြည်မို့မို့လွင်
(စဉ့်ကိုင် မဲဆန္ဒနယ်)




ဦးခင်မောင်မြင့်
(ရပ်စောက် မဲဆန္ဒနယ်)



ဦးမြင့်ဦး
(သနပ်ပင် မဲဆန္ဒနယ်)



ဦးကျော်ရွှေ
(ရမ်းဗြဲ မဲဆန္ဒနယ်)



ဦးကျော်မျိုး (ဒုတိယဝန်ကြီး)
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး
ဝန်ကြီးဌာန



ဒေါက်တာမြင့်ထွေး (ပြည်ထောင်စုဝန်ကြီး)
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်